မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးထူးတရားလေးပါး

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(မွေပဒ-၁၀၉)

၁၃၈၄ ခုနှစ်၊ ကဆုန်လကွယ်နေ့ ၂၀၂၂ ခုနှစ်၊ မေ ၂၉ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၁)၊ အမှတ် (၂၃၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၈

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) မှ ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) မှ ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ကျင်းပစဉ်။

ယနေ့ ဖတ်စရာ

ရှေညာသူ ရှေညာသားတို့ အတွက် သဘာဝလက်ဆောင် — ဆောင်းပါး — စာ - ၁၀

သီးနှံစားသုံးသူ — ဆောင်းပါး — စာ - ၁၆

ရှေတံဆိပ်များနှင့် အားကစားမျှော်လင့်ချက် — ဆောင်းပါး — စာ - ၁၈

မိုးရာသီတွင် စပါး-ငါး တွဲဖက်မွေးမြူခြင်း၏ အကျိုးကျေးဇူးများ — စိုက်၊ မွေး၊ စီးပွား အထူးကဏ္ဍ — စာ - ၂၀

မိုးကောင်းရတနာမိခင်နှင့်
ကလေးဆေးရုံကြီးမှပါရဂူကြီးများနှင့်
Onlineမှတစ်ဆင့်
Teleconsultation လုပ်နိုင်ပါပြီ။

MOE KAUNG TREASURE
MATERNAL & CHILD HOSPITAL
မိုးကောင်းရတနာမိခင်နှင့်ကလေးဆေးရုံ

"အနွေးထွေးဆုံး ယုယကြင်နာ ချစ်ခြင်းမေတ္တာ မိုးကောင်းရတနာ"

မိုးကောင်း ကင်ဆာကုသရေးစင်တာ ဖွင့်လှစ်လိုက်ပါပြီ။

24hr SERVICE EVERYDAY

Hotline : (+95) 9696908881 ~ 3, 09 340221960
Email : wchbaukhtaw@gmail.com
Website : www.moekaungtreasurehospital.com

လျှပ်စစ်ကား၊ လျှပ်စစ်ရထားနှင့် နိုင်ငံတိုးတက်ရေး လျှပ်စစ်ဓာတ်အား

ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစသည့် ရုပ်ကြွင်းလောင်စာများမှာ အကန့်အသတ်ရှိသော သယံဇာတများ ဖြစ်သည့်အလျောက် တစ်ချိန်ချိန်တွင် ကုန်ခန်းသွားမည်ဖြစ်သည်။ လူသားကမ္ဘာကြီး နေ့စဉ်ရှင်သန်လှုပ်ရှားမှုတွင် စွမ်းအင်ကို မဖြစ်မနေသုံးစွဲနေရခြင်းဖြစ်ရာ ကုန်ခန်းသွားမည်ဖြစ်သည့် ရုပ်ကြွင်းလောင်စာစွမ်းအင်များ၏နေရာတွင် အစားထိုးစွမ်းအင်များကို ရှာဖွေနေကြရသည်။ တစ်ဖက်တွင်လည်း ရုပ်ကြွင်းလောင်စာများသုံးစွဲရာမှ ထွက်ပေါ်လာသည့် မှန်လုံအိမ်ဓာတ်ငွေ့များကြောင့် ကမ္ဘာ့အပူချိန်တိုးမြင့်လာပြီး ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာသည့်အတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုများကို လျှော့ချရန်ကြိုးပမ်းလာကြသည်။ ဥရောပနိုင်ငံအချို့တွင် လာမည့်နှစ်အနည်းငယ်အတွင်း ဒီဇယ်၊ ဓာတ်ဆီအင်ဂျင်ကားများ ထုတ်လုပ်မှုကို ရပ်ဆိုင်းကာ လျှပ်စစ်ဘက်ထရီအင်ဂျင်ကားများ ထုတ်လုပ်သုံးစွဲသွားရန် ဆောင်ရွက်နေပြီဖြစ်သည်။ လျှပ်စစ်ရထားများကိုမူ လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာကပင် သုံးစွဲခဲ့ကြခြင်းဖြစ်သည်။

“ယခုအခါ ခေတ်ကာလအရ နိုင်ငံတကာတွင် မီးရထားများကို လျှပ်စစ်ဓာတ်အားအသုံးပြု၍ ပြေးဆွဲနေကြသဖြင့် မိမိတို့နိုင်ငံတွင်လည်း လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မေ ၂၇ ရက်နေ့တွင် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ပြောကြားခဲ့ပြီး “တစ်နိုင်ငံလုံး လျှပ်စစ်စက်ခေါင်းများဖြင့် ပြေးဆွဲနိုင်ရေး အဓိကထား ရည်မှန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)အနေဖြင့် လျှပ်စစ်စက်ခေါင်းငယ်များမှစ၍ သုတေသနပြုထုတ်လုပ်ပြီး ယင်းမှ တစ်ဆင့် အဆင့်မြှင့်တင်ခြင်းနှင့် လျှပ်စစ်စက်ခေါင်းကြီးများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်သွားရန်လည်း မှာကြားခဲ့သည်။

မိမိတို့နိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ ထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်သော်လည်း နိုင်ငံအတွက် လိုအပ်သည့် စက်သုံးဆီများကို ပြည်ပမှ တင်သွင်းနေရသည့် နိုင်ငံဖြစ်သည်။ ရေနံသည် မဟာဗျူဟာမြောက် ပစ္စည်းတစ်ခုဖြစ်သည့် အလျောက် ကမ္ဘာ့နိုင်ငံရေးအခြေအနေများအပေါ်လိုက်ကာ ရေနံဈေးနှုန်း အတက်အကျဖြစ်သည့်အခါ မိမိတို့နိုင်ငံသည်လည်း ရိုက်ခတ်ခံရသည်။ ထို့အပြင် မြန်မာနိုင်ငံသို့ ပြည်ပမှ အများအပြားတင်သွင်းရသည့် ကုန်စည်များထဲတွင် စက်သုံးဆီကလည်း တန်ဖိုးပမာဏကြီးမားစွာပါဝင်သည်။ ခရီးသည်နှင့် ကုန်စည်ပမာဏအများအပြား သယ်ယူပို့ဆောင်ပေးနိုင်သော ရထား၊ ဘတ်စ်ကားနှင့် ကုန်တင်ကားများကို လျှပ်စစ်စွမ်းအားဖြင့် အသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ သုတေသနပြုခြင်းတို့မှာ နိုင်ငံ၏အနာဂတ်နှင့် ရေရှည်အကျိုးစီးပွားအတွက် ဆောင်ရွက်သင့်သည့်၊ ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများပင်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လျှပ်စစ်စွမ်းအားကို နိုင်ငံအတွင်း ရရှိနိုင်သည့် အရင်းအမြစ်များမှနေ၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး နည်းလမ်းများဖြင့် ထုတ်လုပ်သွားရန်လည်း လိုအပ်သည်။ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးကို အနှောင့်အယှက်ရှင်းရှင်း၊ အဖျက်အဆီးကင်းကင်းဖြင့် အပြည့် အဝ အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ လျှပ်စစ်ကား၊ လျှပ်စစ်ရထားနှင့် လျှပ်စစ်မီးထိန်ထိန်ညီးသည့် မြို့ရွာများ ဟူသည် စိတ်ကူးအိပ်မက်သက်သက်မျှသာမဟုတ်ဘဲ ဧကန်မုချ ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၈

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေး ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၃/ခ)ရပ်ကွက်ရှိ ဓမ္မစာပန်းချီရွှေဖီဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဝေဠုဝန်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ အေးသာယာဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ရှိ ဇေယျသုခ ဘုန်းတော်ကြီးကျောင်းနှင့် ရတနာအောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်းနှင့် မန္တလေးတိုင်းဒေသကြီး စလင်းမြို့နယ် တောစိမ့်ကျေးရွာရှိ မင်္ဂလာတောရဘုန်းတော်ကြီး ကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ယနေ့တွင် နယ်မြေခံတပ်ရှိ အောင်ဆန်းခန်းမ၌ သံဃာတော် ၄၄၂ ပါးအား ကလေးတပ်နယ်မှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ဆွမ်းဆန်စိမ်း လောင်းလှူကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ပခန်းကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဝင်းနိမ္မိတာရုံစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ မဟာမေဃဝံ ကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိမြို့မကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ နန်းတော်ဦးကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ မြို့လယ်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၂၈

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် မေ ၂၈ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၁၀ မျိုး စုစုပေါင်း ၇၀၁၂၅ ဒသမ ၆၄ KG နယ်စပ်(ချင်းရွှေဟော်)တွင် Compound Vitamin B Tablet ၃၉၉၀၊ Diclo Tablet ၁၆၉၀၀၊ Rani Injection ၉၁၆၀၀၊ Diclo Injection ၁၇၆၀၀၊ Bcom Injection ၁၄၀၀၀၊ Hanma Disposavle Syringe ၃၄၈၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်

နေပြည်တော် မေ ၂၈

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

မိုး/ဧလ

မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် “**ပန်းခင်း**”စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

◆ *ရှေ့ဖုံးမှ*

ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးမင်းနောင်နှင့် KNU/KNLA(PC) မှ ဥက္ကဋ္ဌ စောထေ့လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ဗဟိုကော်မတီဝင်စောမောင်မောင်တို့ တက်ရောက်ကြသည်။

ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးမင်းနောင်နှင့် KNU/KNLA(PC) မှ ဥက္ကဋ္ဌ စောထေ့လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ဗဟိုကော်မတီဝင်စောမောင်မောင်တို့ တက်ရောက်ကြသည်။

ယင်းနောက် KNU/ KNLA (PC)မှ ဥက္ကဋ္ဌ စောထေ့လေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁) နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။(ယာဝုံ) **သတင်းစဉ်**

၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၌ ဝါသီးနှံ ဧကငါးသိန်း စိုက်ပျိုးသွားမည်

မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် မိုးနေကြာ မျိုးစေ့ထုတ် ဧက ၂၄၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၈

ပြည်တွင်း အထည်ထုတ်လုပ်မှုအတွက် ချည်မျှင်လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် ဝါသီးနှံ စိုက်ဧရိယာကိုနှစ်အလိုက် တိုးချဲ့သွားမည်ဖြစ်ကြောင်း ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်ခြံ)၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ထွဋ်ဦးက ပြောကြားသည်။

တွေ့ဆုံရာတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်ခြံ) တာဝန်ခံတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မျိုးစေ့ထုတ် စိုက်ကွင်းများ စိုက်ပျိုးရေ ပြည့်ဝစွာရရှိရေး၊ ရေသွင်းမြောင်းများ အဆင့်မြှင့်တင်ရန်၊ ရေတင်စက်များကို ဆိုလာစနစ်တပ်ဆင် အသုံးပြုနိုင်ရန် လိုအပ်ချက်များနှင့် မမျှော်မှန်းနိုင်သော မိုးရွာသွန်းမှု ကြုံတွေ့လာပါက သီးနှံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး အတွက် ရေနုတ်မြောင်းများ တူးဖော်ထားရှိစေရေး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ပညာရှင်များက ကွင်းဆင်း ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် ချည်မျှင် ရှည်ဝါစိုက်ဧက ၁၈၀၀၀၀ ကျော်ရှိပြီး ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်များ တိုးချဲ့သုံးစွဲနိုင်ရန် မျိုးစေ့ထုတ်တောင်သူများနှင့် ပူးပေါင်း၍ ယခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ် ဧက ၃၀၀၀ ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကာ မိုးနှောင်းကာလတွင်လည်း ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ် ဧက ၃၀၀၀ ကျော် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၌ ဝါသီးနှံ ဧကငါးသိန်း စိုက်ပျိုးသွားမည်ဖြစ်ပြီး အဆိုပါစိုက်ဧကအားလုံးအတွက် ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲက မျိုးစေ့ထုတ်တောင်သူများနှင့် ပူးပေါင်း၍ အခြေခံမိဘ မျိုးစေ့ ၊ ဆင့်ပွားမိဘ မျိုးစေ့၊ စီးပွားဖြစ် စိုက်ပျိုးရန် မျိုးစေ့ စသဖြင့် မျိုးစေ့အဆင့် အလိုက် တိုးချဲ့ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ရှိ မြဘုရင်နို့ချက်စက်ရုံသို့ ရောက်ရှိကြပြီး နို့မှုန့်စက်ရုံ၊ နို့ချက်စက်ရုံ၊ နို့ပေါင်းစက်ရုံ၊ တိရစ္ဆာန်အစာ စိုက်ခင်းနှင့် နွားမွေးမြူရေးခြံများကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက နို့စားနွားများ၏ နို့ထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ရေးနှင့် နို့ထွက်နှုန်းတည်ငြိမ်မှုရှိစေရန် နို့စားနွားမွေးမြူလုပ်ကိုင်နေသူ တောင်သူများအား လိုအပ်သော နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိက နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုကို ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲပြီး စျေးနှုန်းယှဉ်ပြိုင်နိုင်ရေး၊ စျေးကွက်ဝေစုရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များကို အကြံပြုဆွေးနွေး မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စဉ်ကိုင်မြို့နယ် ရွာဘိုကျေးရွာရှိ တစ်ဆက်တစ်စပ်တည်း ၃၅ ဧက မိုးနေကြာ မျိုးစေ့ထုတ် စံပြစိုက်ကွင်းတွင် ဒေသခံ နေကြာမျိုးစေ့ထုတ်တောင်သူများအား ရင်းနှီးခင်မင်စွာ တွေ့ဆုံဆွေးနွေးသည်။

စဉ်ကိုင်မြို့နယ်တွင် ယခုနှစ် မိုးနေကြာ မျိုးစေ့ထုတ် ဧက ၄၀၀ စိုက်ပျိုးပြီးဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး တစ်ခုလုံးအနေဖြင့် မိုးနေကြာ မျိုးစေ့ထုတ် ဧက ၂၄၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ချောက်မြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပွဲတော် ကျင်းပ

ချောက် မေ ၂၈

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရေတွင်းကျေးရွာ ကြွေသီးစက်ရုံဝင်းအတွင်း၌ သစ်တောဦးစီးဌာနက ဦးဆောင်၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတု ကောင်းမွန်မျှတရေး၊ အရိပ်အာဝသနှင့် မျက်စိပသာဒ အကျိုးများရရှိရေး၊ ပြည်သူများ သစ်ပင်စိုက်ပျိုး ပွဲတော်တွင် စိတ်ပါဝင်စားစွာ ပါဝင်လာစေရေး ရည်ရွယ်၍ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်သစ်တောဦးစီးဌာနက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများထံသို့ ပျိုးပင်များ ပေးအပ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးတင်ထွန်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြွေသီးစက်ရုံမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ပူးပေါင်းပါဝင် စိုက်ပျိုးခဲ့ကြသည်။

မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ကာလဒေသနှင့်ကိုက်ညီသည့် ယူကလစ်ပင် ၅၀၊ ကုက္ကို ၃၅ပင်၊ တမာ ၃၅ ပင်၊ လျှော်ဖြူပင် ၄၀၊ ယင်းမာ ၃၅ ပင်၊ မဲဇလီ ၃၅ ပင်၊ စိန်ပန်းကြီး ၃၅ ပင်၊ သစ်ဆိမ့် ၃၅ ပင် စုစုပေါင်း အရိပ်ရသစ်ပင် ၃၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သိမ့်ဝါ(မြို့နယ်ပြန်/ဆက်)

ရခိုင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးဖြစ်သော်လည်း ကျန်ရှိသူများ၏ စာရင်းများကို ကျေးရွာအလိုက်ပြုစုပေးပို့နိုင်ရေး ဒေသခံ တိုင်းရင်းသားကိုယ်စားလှယ်များကို တွေ့ဆုံအသိပေးပြောကြား

နေပြည်တော် မေ ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေမြို့ ပြည်နယ်အစိုးရဧည့်ဧေဟာဧည့်ခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူမျိုးစုအဖွဲ့များဖြစ်ကြသည့် မြို့၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရာမာကြီး၊ ရခိုင်လူမျိုးစု စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ကိုယ်စားလှယ်များကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံး၏ အရေးကိစ္စများအား အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကာလသည်လည်း တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအတွက် အရေးပါသည့် ကာလဖြစ်ပါကြောင်း၊ ယခုအခါ ရခိုင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ် ထုတ်ပေးခြင်းလုပ်ငန်းကို လျာထားသတ်မှတ်ချက် ပြည့်မီကျော်လွန်ပြီးစီးအောင် ဆောင်ရွက်ပြီးဖြစ်သော်လည်း ဒေသခံတိုင်းရင်းသားများ၏ နယ်မြေဒေသများတွင် အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံသားကတ် မရှိသေးသူများ ကျန်ရှိနိုင်ပါကြောင်း၊ အဆိုပါ ကျန်ရှိသူများ၏ စာရင်းများကို ကျေးရွာအလိုက်ပြုစုပေးပို့နိုင်ရေး အတွက် ဒေသခံတိုင်းရင်းသား လူမျိုးစု ကိုယ်စားလှယ်များကို ယခုကဲ့သို့ သီးခြားခေါ်ယူတွေ့ဆုံ အသိပေး ပြောကြားရခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် အခြားလိုအပ်ချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်း ပြောကြားပေးစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံတိုင်းရင်းသား လူမျိုးစုစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ကိုယ်စားလှယ်များက နိုင်ငံသားကတ်ရရှိမှု၊ နယ်မြေဒေသအလိုက် နိုင်ငံသားကတ် မရှိသေးသူများ စာရင်းနှင့် ဆက်လက် ဆောင်ရွက်ပေးရန်လိုအပ်သည့်အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးစသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက ဌာနအနေဖြင့် နိုင်ငံခြားသား ထိန်းသိမ်းရေးစီမံခန်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံသားများအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ စိစစ်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အခြေအနေ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများကို နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ထပ်မံရောက်ရှိ

နေပြည်တော် မေ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ထပ်မံလှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံး ၁၀ သန်း doses နှင့် ဆေးထိုးအပ် ၁၃ ဒသမ ၀၅၆ သန်းတို့အနက် တတိယအသုတ်အနေဖြင့် ဆေးထိုးအပ် ၅ ဒသမ ၄ သန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် Sichun Airline ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိကြသည်။ (အောက်ပုံ)

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များကို ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရှိ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်ပေးပို့ လှူဒါန်းသွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ထပ်မံလှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံး ၁၀ သန်း doses နှင့် ဆေးထိုးအပ် ၁၃ ဒသမ ၀၅၆ သန်းတို့အနက် ပထမအသုတ်အနေဖြင့် Sinopharm ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေး ငါးသန်း doses နှင့် ဆေးထိုးအပ် နှစ်သန်းသည် မေ ၁၈ ရက်တွင် လည်းကောင်း၊ ဒုတိယအသုတ်အနေဖြင့် ဆေးထိုးအပ် ငါးသန်းသည် မေ ၁၉ ရက်တွင် လည်းကောင်း ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး မေ ၂၉ ရက်တွင် ကျန်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များကို ဆက်လက်ပေးပို့ လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ယနေ့ရောက်ရှိလာသည့် ဆေးထိုးအပ်များကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

သီပေါမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ် အခမ်းအနားကျင်းပ

သီပေါ မေ ၂၈

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထိန်လင်းက ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားကာ စာအုပ်များကို အခမဲ့ပေးအပ်သည်။

ဆက်လက်၍ အစိုးရငွေစုငွေချေးသမဝါယမအသင်းက အခြေခံပညာ မူ၊ လယ်၊ ထက်အဆင့် အတွက် ငွေကျပ်သိန်း ၄၀၊ တက္ကသိုလ်၊ကောလိပ်ကျောင်းသားကျောင်းသူများအတွက် ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၇၀ကို အသင်းဥက္ကဋ္ဌက မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန် အ.ထ.က(၁)တွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း ဦးဆောင်သောအဖွဲ့၊ အ.ထ.က(၂) တွင် တပ်နယ်မှူးဗိုလ်မှူးအောင်နွယ်လင်း ဦးဆောင်သောအဖွဲ့၊ အ.ထ.က(၃) တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်မြတ် ဦးဆောင်သော ဌာနဆိုင်ရာများနှင့် ရပ်ကွက်ပြည်သူများ ပါဝင်သော အင်အား ၅၀၀ခန့်တို့က ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ဘောလခဲမြို့နယ် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံများနှင့်တွေ့ဆုံ

လွိုင်ကော် မေ ၂၈

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများနှင့်အတူ မေ ၂၇ ရက်တွင် ဘောလခဲမြို့နယ်သို့ သွားရောက်ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘောလခဲမြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံသည်။**(ယာဝုံ)**

တွေ့ဆုံပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေးက ကယားပြည်နယ် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် ခရိုင်အတွင်းတွင် သီးနှံများကို စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ဦးဆောင်ပြီး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်၍ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်များကို အထူးအလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ဦးတည်အုပ်စုအလိုက် ခရိုင်အတွင်းရာနှုန်းပြည့်မီအောင် ထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီး အမြန်ပြန်လည်ရရှိရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကဏ္ဍအသီးသီးတွင် ဒေသ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဘောလခဲမြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများက စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြည့်ဆည်းပေးစေလိုသည့် လုပ်ငန်းများ၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ဆောင်ရွက်ပေးစေလိုသည့် လုပ်ငန်းများ၊ ပရဟိတလုပ်ငန်းဆောင်ရွက်နေသော အသင်းအဖွဲ့များ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ ဘောလခဲခရိုင်အတွင်းရှိ

စိုက်ပျိုးတောင်သူများကို သဘာဝမြေဩဇာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ဘောလခဲမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ဆေးသိုလှောင်ရုံတွင် ဆေးဝါးများ စနစ်တကျ ထားသိုထားမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကာ မြို့နယ်ဆေးရုံတွင် ပြည်သူများ ဆေးကုသရာ၌ ဆေးဝါးများ မပြတ်လပ်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေသည့် လူနာများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယင်းနောက် ဘောလခဲမြို့နယ် မြို့မရဲစခန်းအား သွားရောက်စစ်ဆေးပြီး မြို့နယ်ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

ချင်းပြည်နယ် ဟားခါးမြို့၌ ၂၀၂၂ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ဟားခါး မေ ၂၈

ချင်းပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်နယ်သစ်တော ဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လူထုလှုပ်ရှားမှုအဖြစ် ၂၀၂၂ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟားခါးတက္ကသိုလ်ဝင်းအတွင်း ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်၊ ရာသီဥတုမျှတကောင်းမွန်လာစေရန်၊ သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လေထုညစ်ညမ်းခြင်း စသည်များကို ကာကွယ်နိုင်စေရန်နှင့် သစ်တော သစ်ပင်များကို ပိုမိုတန်ဖိုးထားချစ်ခင်မြတ်နိုးလာ စေရန်တို့အတွက် ရည်ရွယ်ပြီး ယခုလို မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်းဖြစ်ကြောင်း၊

" ရှင်အောင် စိုက်ပျိုး၊ ကြီးအောင် ပြုစု၊ မြဲအောင်ထိန်းသိမ်း" ဆိုသည့်အတိုင်း သစ်တော၊ သစ်ပင်များ ထာဝစဉ်ရှင်သန် တည်မြဲစေရန်နှင့် သစ်တော၊ သစ်ပင်များ၏ အကျိုးကျေးဇူးကို သားစဉ်မြေးဆက် ခံစားစေရန်အတွက် အမျိုးသားတာဝန် တစ်ရပ်အနေဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် စိုက်ပျိုးပြုစုထိန်းသိမ်းကြရန် တိုက်တွန်းကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်တို့က ပျိုးပင်များ ပေးအပ်ရာ ဟားခါးတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် စစ်ဗျူဟာမှူးတို့က သတ်မှတ်နေရာများတွင် တောင်ဇလပ်နီ၊ တောင်ဇလပ်ဖြူ၊ ရှားနက်၊ ဒေသချယ်ရီ၊ ခါတော်မှိ၊ ရေသင်းဝင်နှင့် စိန်ပန်းပင်များကို စတင်စိုက်ပျိုးပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာများ၏သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ သစ်ပင်စိုက်ပွဲ အထိမ်းအမှတ် စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြသည်။

ယနေ့ ကျင်းပသည့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်တွင် ချယ်ရီ ၇၂၅ ပင်၊ စိန်ပန်းပြာပင် ၉၀၊ ရှားနက် ၃၉ ပင်၊ ရေသင်းဝင် ၄၆ ပင်၊ ခါတော်မှိ ၂၉ ပင်၊ တောင်ဇလပ်နီ ၆၆ ပင်၊ တောင်ဇလပ်ပြာ ငါးပင် စုစုပေါင်း အပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

ဒေါ့ဖုန်းယန်မြို့၌ သစ်စိမ်းမြေဩ (ပိုက်ဆံလျှော်) စိုက်ပျိုးထည့်သွင်းခြင်းအတွက် မျိုးစေ့ကြဲပက်

ဒေါ့ဖုန်းယန် မေ ၂၈

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့တွင် တောင်သူများအား လယ်ယာမြေစိုက်ပျိုးရာတွင် မြေဆီလွှာဖွံ့ဖြိုးမှု တိုးတက်ကောင်းမွန်လာစေရန်၊ ဓာတ်မြေဩသုံးစွဲခြင်းကိုလျှော့ချပြီး တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်လျော့နည်းသက်သာစေရန်၊ သစ်စိမ်းမြေဩစိုက်ပျိုးခြင်းကို တောင်သူများ လေ့လာသုံးစွဲတတ်လာစေရန် ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးတင်နှင့် ဝန်ထမ်းများသည် ဒေါ့ဖုန်းယန်မြို့ ဒိန်ဂါယန်ကျေးရွာ ကွင်းအမှတ်(၁၇၉) ဦးပိုင်အမှတ် (၄၃) ငါးဧကခွဲ သစ်စိမ်းမြေဩ(ပိုက်ဆံလျှော်) စိုက်ပျိုးထည့်သွင်းခြင်းအတွက် မျိုးစေ့ကြဲပက်မှုကို မေ ၂၈ ရက် (ယနေ့)နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးရုံးမှ သိရှိရသည်။

သန်းနိုင်စိုး(ပြန်/ဆက်)

နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ပုညနိမ္မိတာရာမ(ရွှေသုဝဏ်)ကျောင်းတိုက် ဦးစီးပဓာနနာယက ဒေါက်တာဘဒ္ဒန္တသဒ္ဓိယ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် ပုညနိမ္မိတာရာမ (ရွှေသုဝဏ်)ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တသဒ္ဓိယ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းတိုက်၌ ဆင်ယင်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တစိတြဥာဏ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ ဆောက်တည်

ရှေးဦးစွာ သဗ္ဗေ သတ္တာ အနိစ္စာတိ အစချီ သုံးဂါထာကို ရွတ်ဆိုပွားများ၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ မိတ္ထိလာမြို့ ရေလယ်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တလာဘာဝတထံမှ ဧည့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် ဘဒ္ဒန္တကေတုမာလာ၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ကွန်ပျူတာမူ ပိဋကတ်ကျမ်းစာဒါယကာ ဦးကျော်ညွန့်တို့က ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ ပူဇော်ကြသည်။

သဝဏ်လွှာ ဖတ်ကြားပူဇော်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ပေးပို့သော သံဝေဂဥာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရွှေဘိုမြို့၊ ပါဠိကာရီကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ ကလည်းကောင်း ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပေးပို့ဆက်ကပ်သော ဝမ်းနည်းကြောင်း သဝဏ်လွှာကို ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုက လည်းကောင်း၊ ဗုဒ္ဓစာပေအဖွဲ့၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတ ဓရဦးစိန်လှဝင်းက လည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရထမ္မ သံဝေဂ ဓမ္မကထာကို နာယူပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရွှေသုဝဏ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အကျဉ်းကို ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် သုဝဏ္ဏမြို့သစ် ဓိနဝါဒီကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒသိရိက ဖတ်ကြားပူဇော်၍ လမ်းမတော်မြို့နယ် သရက်တောတိုက် သီတာရုံကျောင်း ဆရာတော်ဘဒ္ဒန္တ အရိယဓမ္မ (ဒီဃဘာဏက)က ပစ္ဆိမဝန္ဒနာ ဂါထာတော်ဖြင့် ဖတ်ကြားပူဇော်သည်။

ထို့နောက် အပြစ်ရှိကခွင့်လွှတ်တော်မူပါရန် နောက်ဆုံးတောင်းပန် ကန်တော့လွှာကို ကချင်ပြည်နယ် သံဃနာယက အဖွဲ့ အကျိုးတော်ဆောင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာက တိုင်ကြားပေး၍ တောင်းပန်ကန်တော့ကြပြီး ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ကရဝိက်ဖောင်တော်သို့ လိုက်ပါကြချီတော်မူပါရန် တောင်းပန်လျှောက်ထားသည့် အဘိယာစနနိမန္တနဂါထာတော်ကို ဝိဇ္ဇာပညာထူးချွန် (ပထမဆင့်)၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဖတ်ကြားလျှောက်ထားသည်။

ပင့်ဆောင်

ယင်းနောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို တပည့်သံဃာတော်များက ဦးစွာ ပင့်ဆောင်ပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပည့်သံဃာတော်များက ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို လောင်တိုက်တော်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြပြီး ဆရာတော်ကြီး၏ တပည့်သံဃာတော်များ ဖြစ်ကြသည့် ဥူးဥေယျဓမ္မ၊ ဥူးရာဇိန္ဒ၊ ဥူးဥတ္တမတို့က မွန်းလွဲ ၃ နာရီခွဲတွင် စက်ခလုတ်နှိပ်၍ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာအခမ်းအနားကို လောင်တိုက်တော်သွင်း ပူဇော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့ ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၈

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွား ဆေးရုံ ရေယာဉ် (သံလွင်) မှ နယ်လှည့်အထူးကုဆေးအဖွဲ့များသည် မေ ၂၇ ရက်တွင် ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းရှိ အခြေခံပညာ မူလတန်းကျောင်း (ခွဲ)၌ အခြေပြု၍ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄ ဦး၊ ခွဲစိတ်ရောဂါ ခြောက်ဦး၊ သားဖွား/မီးယပ်ရောဂါ ရှစ်ဦး၊ ကလေးရောဂါ ရှစ်ဦး၊ အရိုးရောဂါ ကိုးဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ခြောက်ဦး၊ မျက်စိရောဂါ ကိုးဦးနှင့် သွားနှင့် ခံတွင်းရောဂါ သုံးဦး စုစုပေါင်း ၆၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

စမ်းသပ်ကုသပေး

ထို့အပြင် ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ငါးဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ လေးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ခြောက်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းအပြင် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော ဒေသခံပြည်သူ သုံးဦးကို လည်း ဆေးရုံရေယာဉ်ပေါ်၌ ဆေးရုံတင် ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မေ ၂၈

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကို လည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နှိုးကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့် လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြိုးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှု

စစ်တွေ မေ ၂၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ကျောင်းကြီးလမ်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ထို့နောက် ပြည်တော်သာရပ်ကွက်ရှိ အမှတ်(၁၅) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်းခွဲ(ရေတပ်) ကျောင်းများသို့ သွားရောက်ပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

လှည့်လည်ကြည့်ရှုကြစဉ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အခြေခံပညာကျောင်းများ၌ လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသော စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ရပ်ကွက်နေပြည်သူများသည် အခြေခံပညာကျောင်းများတွင် ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ဝိုင်းဝန်းရှင်းလင်းခြင်း၊ ကျောင်းသား ကျောင်းသူများ အန္တရာယ်ရှိနိုင်သော သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၁၅၀၀ ကျော်တို့သည် စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် စစ်တွေမြို့နယ်ရှိ အခြေခံပညာကျောင်း စုစုပေါင်း ၁၅ ကျောင်းတို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

လားရှိုးမြို့ရှိ တက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများနှင့် ပစ္စည်းများပေးအပ်

နေပြည်တော် မေ ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (လားရှိုး)၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေး ဒီဂရီကောလိပ်တို့မှ ပါမောက္ခ ချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ၊ စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါ တက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်တို့ရှိ ခန်းမဆောင်အသီးသီး၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထောက်ပံ့ငွေများပေးအပ်

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက္ကသိုလ်များနှင့် ပညာရေး ဒီဂရီကောလိပ်တို့ရှိ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ၊ စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိမ်အနည်းငယ် ဖြစ်ထွန်းနေ

နေပြည်တော် မေ ၂၈

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပွလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေကာ ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိစေရေးအတွက် ကျောင်းအပ်နှံရေးဆောင်ရွက်ကြရန် ဖိတ်ခေါ်

နေပြည်တော် မေ ၂၈

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောင်းအပ်နှံရေးနေ့အခမ်းအနား မုခ်ဦးကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုး တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ က ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောင်းအပ်နှံရေးနေ့အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းခန်းမတွင် ကျင်းပရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ကျောင်းအပ်နှံရေးနေ့ သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားများ၏ ၂၁ ရာစုကျွမ်းကျင်မှုအရည်အသွေးများ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ KG+12 စနစ်သစ် သင်ရိုးဖြင့် သင်ကြားပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် Grade–5, Grade–8, Grade–11 ကျောင်းသားများအတွက် သင်ရိုးသစ်ဖြင့် သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ သင်ရိုးသစ်ဖြင့် သင်ကြားပို့ချနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများကို သင်ရိုးသစ်မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မိဘများအနေဖြင့် ကျောင်းအပ်နှံရေး သီတင်းပတ်တွင် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရေးအတွက် ကျောင်းအပ်နှံရေးဆောင်ရွက်ကြရန် ကြိုဆိုဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အခြေခံပညာ အထက်တန်းကျောင်းများရှိ သိပ္ပံခန်းများတွင် အသုံးပြုရန်အတွက် Microscope များကို ပေးအပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဧနီးဒေါ်နန်းချစ်ဆွေတို့က ဗဟာစာအုပ် ဒါဇင် ၁၂၀၀ ကို ပေးအပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် က အခမ့် ပုံနှိပ်စာအုပ်များကိုလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးက အခမ့် ဗဟာစာအုပ်များ၊ ဘောပင်၊ ခဲတံများကို လည်းကောင်း၊ ပြည်နယ်တရားသူကြီးချုပ်က အခမ့်ကျောင်းဝတ်စုံများကို လည်းကောင်း၊ လူမှုရေးရာဝန်ကြီးက အခမ့် Grade–5 သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်က အခမ့် KG သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် ဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ခင်းကျင်းပြသထားသည့် ပညာရေးပြခန်းများနှင့် ကျောင်းအပ်လက်ခံနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများကို အခမ့်ပုံနှိပ်စာအုပ်များ၊ ခဲတံ၊ ဘောပင်များနှင့် ဗဟာစာအုပ်များကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းအပ်နှံမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပညာရေးမှူး၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်များနှင့် တွေ့ဆုံ၍ ကျောင်းအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ကျောင်းအတွင်းပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အခြေခံပညာကျောင်းများနှင့်တက္ကသိုလ်များ သန့်ရှင်းသာယာသပ်ရပ်ရေးဆောင်ရွက်နေမှု ဒုတိယမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးမောင်မောင်သည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့ နံနက် ၇ နာရီတွင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းရှိ အမှတ် (၂) အခြေခံပညာ အထက်တန်း ကျောင်းဝင်းအတွင်း ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းအင်အားဖြင့် ရေမြောင်းများ ရှင်းလင်းနေမှု၊ မြက်၊ ချုံနွယ်များ ရှင်းလင်းနေမှု၊ အုပ်မိုးကိုင်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ကိုင်းသစ်ခက် အမှိုက်များ ရှင်းလင်းသိမ်းဆည်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ဒဂုံတက္ကသိုလ်သို့ သွားရောက်၍ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းအင်အားဖြင့် ရေမြောင်းများ ရှင်းလင်းနေမှု၊ မြက်၊ ချုံနွယ်များ ရှင်းလင်းနေမှု၊ အုပ်မိုးကိုင်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ကိုင်းသစ်ခက်အမှိုက်များ ရှင်းလင်းသိမ်းဆည်းနေမှု၊ ဘက်စ်ကားမှတ်တိုင်များ ရေဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယမြို့တော်ဝန်က ဘွဲ့နှင်းသဘင် အစည်းအဝေးခန်းမ၌ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်၊ ဆရာကြီး ဆရာမကြီးများနှင့် တွေ့ဆုံကာ ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းသာယာ သပ်ရပ်ရေး ရေရှည်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် သင်္ဃန်းကျွန်းမြို့နယ် (၈/က) ရပ်ကွက် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဝင်းအတွင်း ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းအင်အားဖြင့် ရေမြောင်းများ ရှင်းလင်းနေမှု၊ မြက်၊ ချုံနွယ်များ ရှင်းလင်းနေမှု၊ အုပ်မိုးကိုင်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ကိုင်းသစ်ခက်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ အမှိုက်များ ရှင်းလင်းသိမ်းဆည်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စဉ်ကူးမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

စဉ်ကူး မေ ၂၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ်ကူးမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက စဉ်ကူးမြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး သော်တာထွန်းက ကျောင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်သန္တာအောင်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ နိုင်ငံတော်က အခမ့်ထောက်ပံ့ပေးသည့် ကျောင်းသုံး ပုံနှိပ်စာအုပ်၊ ဗဟာစာအုပ်၊ ခဲတံနှင့် ကိုဗစ်ကာကွယ်ရေး ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ဖြစ်သော ဗိုလ်မှူးသော်တာထွန်း၊ ရဲမှူးသက်စိုး၊ ဦးထွန်းညွန့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့သည်။

တင်ဇာလွင်(ပြန်/ဆက်)

ဂုဏ်ပြုပူဇော် ကြေးပိဋ္ဌကတ်ဆရာတော်

❖ ပေပိဋ္ဌကတ်၊ အမြတ်ထားကာ ထိန်းသိမ်းလာခဲ့၊ ပြည်ရွာအနှံ့ တရားပြန့်စေ၊ ဓမ္မဝေစည် မြန်ပြည်(ပြေ)ထင်ရှား၊ ထွန်းကားကျက်သရေ ရွှန်းတင့်ဝေပါ့၊ သာသနာ့အရောင် နေရောင်လရောင်၊ ထွန်းလင်းပြောင်၏- သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

❖ ကျောက်ပိဋ္ဌကတ်၊ အမြတ်ထားကာ တည်ထားပါခဲ့၊ ရှည်ကြာခိုင်ခံ့ တရားပြန့်စေ၊ ဓမ္မဝေစည် မြန်ပြည်(ပြေ) ကျော်ကြား၊ တိုင်းခြားကမ္ဘာ အံ့သြပါရ၊ ရွှန်းပကျက်သရေ တင့်လှပေစွ၊ သာသနာ့အရောင် နေရောင်လရောင်၊ ထွန်းလင်းပြောင်၏- သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

❖ စာပိဋ္ဌကတ်၊ မြတ်သောစာအုပ် ထုတ်လုပ်ဖြန့်ချီ၊ အပြည့်ရသ မြတ်ဓမ္မကို၊ ဖတ်ကြရေးကြ ဟောကြားပြ၍၊ လောကဓမ္မ နှစ်ဝအကျိုး၊ ကောင်းကျိုးဝေဖြာ အေးငြိမ်းပါရ၊ သာသနာ့အရောင် နေရောင်လရောင်၊ ထွန်းလင်းပြောင်၏- သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

❖ ကြေးပိဋ္ဌကတ်၊ အကြံမြတ်ကို ဘဒ္ဒန္တဉာဏ၊ ထေရ်မြတ်ကလျှင် တီထွင်ကြံဆောင်၊ ဦးဆောင်ဖော်ထုတ် ကြိုးကုတ်စွမ်းအား၊ အောင်မြင်ငြား၍ ရှင်အားတက်ကြွ၊ သာသနာ့အရောင် နေရောင်လရောင်၊ ထွန်းလင်းပြောင်၏- သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

လက်စုံမိုးကာ ရှိခိုးပါ၏။ သာသနာ့အာဇာနည် အရှင်သူမြတ်ဘုရား။ ။

တက္ကသိုလ်စိုးယဉ်

သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

မြိတ်မြို့ရှိ သီတဂူဇီဝိတစက္ခုဒါနဆေးရုံအတွက် အလှူငွေများ လှူဒါန်း

နေပြည်တော် မေ ၂၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ သီတဂူဇီဝိတ စက္ခုဒါနဆေးရုံအတွက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိုကာယဥပ ဥက္ကဋ္ဌ အဘိဓေ မဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မ ကထိက ဗဟုဇနဟိတ ရေဒေါက်တာ ဘဒ္ဒန္တဉာဏာဘိသရ ကြွရောက်တော်မူပြီး တိုင်းမှူးဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာတိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် မြိတ်မြို့ရှိ သီတဂူဇီဝိတစက္ခုဒါနဆေးရုံအတွက် တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ စုပေါင်းလှူဒါန်းသော အလှူငွေကျပ် သိန်း ၁၀၀ နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးသည် မြိတ်မြို့ရှိ စိန်ဂျန်းမာရီဗီယာနေ ကက်သလစ်ခရစ်ယာန် ပရဟိတကျောင်း၏ ပင့်ဆောင်ချက်အရ အဆိုပါကျောင်းသို့ ကြွရောက်၍ တရားတော်များ ချီးမြှင့်တော်မူသည်။ ထို့နောက် သီတဂူဆရာတော်ကြီးနှင့် တိုင်းမှူးတို့က အဆိုပါ ပရဟိတကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၈

နဝမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ နောက်ဆုံးအဆင့် Grand Final ပြိုင်ပွဲကို ရန်ကုန်မြို့ မဂ်လာဒုံမြို့နယ်ပြည်လမ်းရှိစိတ္တသုခတပ်ဦးကျောင်း၌ မေ ၂၈ ရက် နံနက် ၉ နာရီက စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် နတ်စင်ကုန်းစံပြကျေးရွာ ဓမ္မကျောင်းတော်မှ ကျောင်းသူနှစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်စာဖြေဌာန ရွှေဟသံ်ာ ဓမ္မစကူးလ်မှ ကျောင်းသားတစ်ဦး နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် မခင်ယွန်း

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသွားသော မခင်ယွန်းထက်အား ဗုဒ္ဓဝံသဗဟုသုတရေဘွဲ့နှင့် ဆုငွေချီးမြှင့်စဉ်။

ထက် (နတ်စင်ကုန်းစံပြကျေးရွာ၊ ဓမ္မကျောင်းတော်)က ပထမ၊ မောင်လှိုင်ဖြိုးအောင် (ရွှေဟသံ်ာ ဓမ္မစကူးလ်) က ဒုတိယ၊ မတင်တင်ထွေး (နတ်စင်ကုန်းစံပြကျေးရွာ၊ ဓမ္မကျောင်းတော်) က တတိယဆုတို့ ရရှိခဲ့ကြသည်။

နဝမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲတွင် ပထမဆုကို ဗုဒ္ဓဝံသဗဟုသုတရေဘွဲ့နှင့် ဆုငွေကျပ် သုံးသိန်း၊ ဒုတိယဆု ဗုဒ္ဓဝံသဝိသာရဒဘွဲ့နှင့် ဆုငွေကျပ်နှစ်သိန်း၊ တတိယဆု ဗုဒ္ဓဝံသဝိသာရဒဘွဲ့နှင့် ဆုငွေကျပ်တစ်သိန်း၊ ပြိုင်ပွဲဝင် နှစ်သိမ့်ဆုရ ခုနစ်ဦးအား ဗုဒ္ဓဝံသဝိသာရဒဘွဲ့နှင့် တစ်ဦးလျှင် ကျပ်ငါးသောင်းစီ ချီးမြှင့်ပေးကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- အာကာလင်း

တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပို့ဆောင်

နေပြည်တော် မေ ၂၈

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Sinopharm နှင့် Myancopharm အမှတ်တံဆိပ် ကာကွယ်ဆေးများကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ပို့ဆောင်ပေးရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ Sinopharm အလုံး ၈၄၁၀ နှင့် ဆေးထိုးအပ် အချောင်း ၈၀၀၀၀၊ ထားဝယ်မြို့သို့ Sinopharm အလုံး ၂၃၀၀ နှင့် ဆေးထိုးအပ်အချောင်း ၇၀၄၀၀၊ ကော့သောင်းမြို့သို့ Sinopharm အလုံး ၃၁၂၀ နှင့် ဆေးထိုးအပ် အချောင်း ၄၈၀၀၀၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ Sinopharm ၅၆၂၆၆ လုံး၊ Myancopharm ၁၅၇၁၄ လုံးနှင့် ဆေးထိုးအပ်အချောင်း ၄၉၉၂၀၀ တို့ကို မြေပြင် အအေးမပြတ်လမ်းကြောင်း Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရှေညာသူ ရှေညာသားတို့အတွက် သဘာဝလက်ဆောင်

မောင်အောင်

"ခင်ဗျားတို့ အစိုးရတာဝန်ယူပြီးတဲ့နောက် လုပ်တဲ့အလုပ်တွေထဲမှာ ဒီအလုပ်ကိုတော့ ကျုပ်တို့အကြိုက်ဆုံးပဲဗျာ။ တစ်ရွာလုံးက လွတ်ပြီးကျေးဇူးတင်နေကြတယ်။"

လွန်ခဲ့တဲ့ ခြောက်လကျော်က မြိုင်မြို့နယ် သဲတောကျေးရွာသို့ရောက်စဉ် ဦးချစ်တုံး၏ ပြောစကားကို ကျွန်တော်ပြန်ပြီးကြားယောင်နေမိသည်။ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံဖြည့်ဆည်းပေးရင်း မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သဲတောကျေးရွာ မြေအောက်တမံသို့ ရောက်ရှိစဉ် ဦးချစ်တုံးက ပြောလိုက်ခြင်းဖြစ်သည်။

ဦးချစ်တုံးက အသက် ၆၀ ကျော် ဂုဝ နီးပါး ခန့်ရှိပြီ။ ပခုက္ကူ မြိုင်မြို့နယ်၏ ရာသီဥတုအပူက ကျွန်တော်တို့အားလုံး ချွေးဒီးဒီးကျနေသည်။ ရွာသားများကို ကြိုတင်စုထားခြင်း မဟုတ်ပါ။ ကျွန်တော်တို့ သဲတောမြေအောက်တမံအနီး ကားရောက်မှ သူတို့ရွာထဲက ထွက်လာခြင်းဖြစ်သည်။ တမံတည်ဆောက်ထားမှုနှင့် အကျိုးကျေးဇူးကို သိလိုရ၍ ကျွန်တော်လာရောက် စစ်ဆေးကြည့်ရှုခြင်းဖြစ်သည်။ ကျွန်တော့်ကို ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများ တမာပင်ရိပ်အောက်တွင် ရှင်းပြနေစဉ်ပင် ရွာသားလေးငါးဆယ်ယောက် ခပ်လှမ်းလှမ်းတွင် ရောက်ရှိလာပြီး ကျွန်တော်တို့ကို ကြည့်နေခြင်းဖြစ်သည်။

ကျွန်တော့်ဝန်ထမ်းများရှင်းပြအပြီး ရပ်ကြည့်နေသော ရွာသားများထဲမှ အသက်အကြီးဆုံးဟုထင်ရသော ရွာသားကြီးအား ကျွန်တော်က "ဦးလေးကြီးက ဒီရွာကပဲလား၊ နာမည် ဘယ်လိုခေါ်သလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ။" သူ့ကိုမေးရင်း ကျွန်တော် သူ့အနားလျှောက်သွားလိုက်သည်။

"ကျုပ်နာမည် ငယ်ငယ်တုန်းကတော့ ချစ်တုံးပေါ့။ အခုတော့ ရွာကလူတွေက ဦးချစ်တုံးလို့ ခေါ်တယ်။ ဒီရွာမှာမွေးတာပဲ၊ အသက် ၆၅ နှစ်။ အဘကရော နာမည်ဘယ်သူလဲ။"

ကျွန်တော်က ရင်းရင်းနှီးနှီး အနားကပ်သွားပြီး မေးလိုက်ခြင်းကြောင့် သူကပြန်ဖြေလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်အကျင့်က လူတွေ့လျှင် နာမည်မေးသည်။ ဇာတိမေးသည်။ အသက်မေးတတ်သည်။

"ဟာဗျာ ကျွန်တော့်ကို အဘ မခေါ်စမ်းပါနဲ့။ ကျွန်တော် အဘအရွယ် မရောက်သေးပါဘူး။ ကျွန်တော့်အသက်ဘယ်လောက်ရှိပြီ ထင်လို့လဲ။"

"အင်း ရှိလှ ၆၀ ဝန်းကျင်ပေါ့။ ရွာကအုပ်ကြီးတို့က မြို့ကလာတဲ့ လူကြီးတွေကို အဘ အဘလို့ ခေါ်တာကြောင့် ကျုပ်လည်း ခင်ဗျားတို့က ကားတွေ အများကြီးနဲ့လာတော့ အဘလို့ ခေါ်လိုက်တာပါဗျာ။"

"ကျွန်တော့်အသက်လည်း ခင်ဗျားနဲ့ မကွာပါဘူးဗျာ၊ ခင်ဗျားထက် နှစ်နှစ်ပဲ ကြီးတာ။ အေးပါ ခင်ဗျားက ကျုပ်ထက် ရုပ်ဘာကြောင့်ရင့်ရတာလဲ"။ ကျွန်တော်က သူ့ပခုံးကို လှမ်းပြီးပုတ်လိုက်ရင်း ရင်းရင်းနှီးနှီး ပြုံးပြုံးရွှင်ရွှင်မေးဖြစ်လိုက်သည်။

"ဟာ ဒါကတော့ ကျုပ်အမှန်အတိုင်းပြောမယ်နော်။ ခင်ဗျားတို့က မြို့မှာနေတယ်။ ပေါ်ကြော့နေရတယ်။ သွားစရာရှိလည်း ကားအကောင်းစားကြီးနဲ့ သွားရတယ်။ အစား ကောင်းကောင်းစားရတယ်။ ရေဖောဖောသီသီ သုံးရတယ်။ အဲဒီတော့ ခင်ဗျားတို့က ကျုပ်တို့ထက်စာရင် နုတာပေါ့ဗျာ။ စိုပြည်တာပေါ့ဗျာ"

အောင်နန်း မြေအောက်တမံတည်ဆောက်ခြင်း ဆောင်ရွက်နေပုံ။

ဦးချစ်တုံးက မပြောတော့လည်း မပြော။ ပြောတော့လည်း ကရားမှ ရေလွှတ်လိုက်သည့်ပမာ တဲ့တိုးပြောတော့သည်။

ချောင်းဘေးကပ်လျက် ရေရှားသည့်ရွာ

"နေစမ်းပါဦး။ ကျွန်တော်တို့က ရေဖောဖောသီသီသုံးရလို့ နုနေတယ်ဆိုတော့ ခင်ဗျားတို့ကရော ရေဖောဖောသီသီ မသုံးရဘူးလား။ ခင်ဗျားတို့ရွာက ဒီချောင်းဘေးကပ်လျက်ရှိနေတာကို"

"အေး အဲဒီချောင်းဘေးမှာရှိပေမယ့် ဒီချောင်းက မိုးတွင်းမှ ရေရှိတာ၊ ရေရှိတယ်ဆိုတာလည်း အထက်ဘက်မှာ မိုးရွာတုန်းခဏပဲ။ အထက်မှာ မိုးရွာပြီဆိုရင် ချောင်းထဲကိုဖြတ်မသွားနဲ့တော့။ ရေလုံးကဝါးလုံးထိုးစီးတာ။ မနှစ်က မိုးကလေးညို့လာပြီး လွတ်မယ်ထင်လို့ ရွာမြောက်ဘက်က သာရင်နွားလှည်းနဲ့ဖြတ်ကူးလိုက်တာ၊ နွားရော၊ လူရော၊ လှည်းရော ရေစီးနဲ့ပါသွားလိုက်တာ သူ့သမီးငယ်ဂွက်ထော်မ ရှာမတွေ့တော့ဘူး။ ဒီချောင်းက အတော်လေးဆိုးတယ်။ တစ်နှစ်ကို တစ်ယောက်၊ နှစ်ယောက် လူစားတယ်။"

"ရေကတော့ မိုးရွာပြီးသွားရင် နှစ်လ၊ သုံးလလောက်တော့ လက်ယက်တွင်းတူးပြီး ရေခပ်ရတာပေါ့။ နွေအခါဆိုရင် ရွာထဲက ရေတွင်းတွေလည်း ရေခန်းသွား။ အလွန်ရေရှားတာပေါ့ဗျာ။ ဒါ့ကြောင့် ကျုပ်တို့ သဲတောသားတွေ လူရုပ်မပီတာပေါ့ဗျာ။ ခင်ဗျားတို့လို ရုပ်ရည်မနုတာပေါ့ဗျာ။"

ဦးချစ်တုံးက အတိတ်အကြောင်းကို ပြန်ပြောရင်း ခေါင်းတွင်ပတ်ထားသည့် မျက်နှာသုတ်ပဝါကြမ်းဖြင့် ချွေးဒီးဒီးကျနေသည့် သူ့မျက်နှာကို သုတ်လိုက်သည်။

"အခုတော့ရော ရေအခြေအနေ ဘယ်လိုလဲ"

သူ့ရင်ထဲက စကားကိုသိလို၍ ကျွန်တော် မေးလိုက်ခြင်းဖြစ်သည်။

မြေအောက်တမံ

"အခုတော့ ကျုပ်တို့ ရေနဲ့ပတ်သက်ရင် အတော် အဆင်ပြေပြီလေ။ ပြီးခဲ့တဲ့ ခြောက်လလောက်က ခင်ဗျားတို့အစိုးရတက်ပြီး ခြောက်လလောက်မှာ ဒီဆရာတွေ ရောက်လာတယ်။ မြေအောက်တမံ လုပ်ဖို့ဆိုပြီး ချောင်းတစ်လျှောက်လိုက်ပြီးကြည့်တယ်။ သဲတွေစစ်ဆေးတယ်။ ချောင်းအကျယ်တိုင်းတယ်။ ဘေးသားမြေအနေအထားကြည့်ပြီး ဒီနေရာကို ရွေးလိုက်တာပဲ။"

"ကျုပ်တို့က တစ်သက်လုံး ဒီလိုပဲနေလာပြီး ဒီလူတွေ အခုလိုလာပြီးလုပ်တော့ ပထမတော့ သိပ်ပြီးမယုံဘူးလေ။ အဲဒါကြောင့် သူတို့လုပ်တာတွေ ကျုပ်က လိုက်ပြီးကြည့်တာ။ ကျုပ်က အိုပယ်ဖြစ်နေတော့ အိမ်မှာလည်း တောက်တိုမယ်ရပဲ။ ကျုပ်သမီးနဲ့သားမက်က ကျုပ်ကိုဘာမှမခိုင်းဘူး။ အလုပ်လုပ်စေချင်တာမဟုတ်ဘူး။ အဲဒါကြောင့် ဒီဆရာတွေ လုပ်တာကို ကျွန်တော်က အသေးစိတ်ကြည့်ဖြစ်တာ"

"ပထမ ဒီနေရာမှာ ဆယ်ပေအကျယ်လောက် ချောင်းကိုဖြတ် မြောင်းကြီးတူးလိုက်တာ။ တူးတာမှ ရေလုံးဝမစိမ့်တဲ့အထိ တူးလိုက်တာ။ ကျုပ်အထင် အနက်ပေ ၄၀-၅၀ လောက်ရှိမယ် ထင်တယ်။ အဲဒီမှာ အောက်ခံကျောက်ပဲ ရှိတော့တယ်။ အဲဒီနေရာကစပြီး ကန့်လန့်ဖြတ်ကျောက်ကြီးစီတယ်။ ကျောက်လတ်တွေစီတယ်။ ဘိလပ်မြေကို ဖောဖောသီသီသုံးပြီး ဒီတမံဆောက်ခဲ့တယ်။ ကျုပ်မှတ်ထားတာ တစ်လခွဲပြီး နှစ်ရက်နဲ့ ပြီးသွားတယ်။ အောက်ခြေက ခုနစ်ပေ၊ ရှစ်ပေလောက်ရှိပြီး ထိပ်မှာတော့ သုံးပေလောက်ရှိတယ်။ အဲ ပြီးတော့ ဘေးနံရံ နှစ်ဖက် သဲဖြည့်ပြီး ပြီးသွားတယ်။ တမံပြီးတဲ့ရက်ကစပြီး ကျုပ်တို့လည်း မိုးရွာပါစေ၊ ရွာပါစေလို့ ဆုတောင်းနေတယ်။

"မိုးရွာတဲ့နေ့ကတော့ ကျုပ်အိမ်ကနေ သဲချောင်းတမံကို ကျုပ်တန်းပြီးပြေးတာ။ ဒီဆရာတွေ တစ်လခွဲ၊ နှစ်လ အပင်ပန်းခံပြီးလုပ်ထားတဲ့တမံ ဘယ်လိုနေမလဲဆိုတာသိချင်လို့။ ကျုပ်အိမ်ကနေ ထပြီးပြေးတော့ ကျုပ်သားမက်ကလည်း အဘ၊ အဘလို့ လှမ်းခေါ်ပြီး ကျုပ်နောက်က ပြေးပြီးလိုက်တယ်။ တမံထိပ်ရောက်မှ ကျုပ်လည်းအပြေးရပ်ပြီး၊ တမံထိပ်မှာထိုင်ပြီး အမောဖြေရင်း အထက်ဘက်ကစီးလာတဲ့ရေကို စောင့်ကြည့်ဖြစ်တယ်။ ရေကအရင်လို သဲချောင်းထဲမှာ ဝါးလုံးထိုး မစီးတော့ဘူး။ တဖြည်းဖြည်းပဲ စီးလာတယ်။ ကျုပ်တို့လုပ်ထားတဲ့ တမံအထိကို ဖြည်းဖြည်းစီးလာပြီး တမံကို ချက်ချင်းတောင် မကျော်နိုင်ဘူး။ အဲဒီမိုးမှာတော့ ကျုပ်ထင်တယ်။ တမံထဲ ရေဖြည့်နေရလို့လား မသိဘူး။ တမံပေါ်က နည်းနည်းပဲကျော်သွားတယ်"

ဦးချစ်တုံး စိတ်ပါလက်ပါပြောနေ၍ သူ့စကား မဖြတ်လိုသဖြင့် ကျွန်တော်ငြိမ်၍သာ နားထောင်နေမိသည်။

"နေ့လယ်လောက်ရောက်တော့ ဒီဆရာတွေ တမံလာပြီးကြည့်တယ်။ ကျုပ်က အခြေအနေ ရှင်းပြပြီး ရေနွေးကြမ်းသောက်ဖို့ အိမ်ကိုခေါ်တော့ အိမ်မသွားဘဲ ဒီတမာပင်ရိပ်မှာပဲ တမံကိုကြည့်ရင်း ကျုပ်တို့စကားထိုင်ပြီးပြောနေဖြစ်တယ်။ အဲဒီဆရာတွေနဲ့ကျုပ် သဲချောင်းထဲဆင်းပြီး လက်ယက်တွင်းတူးကြည့်လိုက်တော့ တောင်ဆုတ်လောက်ပဲ တူးရတယ်။ ရေချက်ချင်းထွက်ပြီး ချက်ချင်းပြည့်လာတယ်။ ကျုပ်တော့ ထပြီး ကချင်လောက်အောင်ကို ဝမ်းသာမိတယ်။"

"ဒီရေတွင်းတွေကရော ဘယ်လောက်ကြာမှ ရေအပေါ်တက်လာလဲ"

ကျွန်တော်က ဦးချစ်တုံးမောနေမည်စိုး၍ အနီးရှိ ရေတွင်းကို လက်ညှိုးထိုးပြပြီး ကြားဖြတ်မေးလိုက်ခြင်းဖြစ်သည်။

"ကျုပ်က အဲဒါလည်း သေချာမှတ်ထားတာဗျ။ မိုးရွာပြီးသုံးရက်လောက်ကြာတော့ ရေက တစ်ပေနီးပါး တက်လာတယ်။ နောက်ပိုင်းကျုပ်မှတ်ထားသလောက် တစ်ပတ်၊ ဆယ်ရက်ကြာတော့ နှစ်ပေ သာသာတက်လာတယ်။ အခုတော့ မိုးရွာရင်လည်း ကျုပ်တို့သဲချောင်းက ကြောက်စရာမလိုတော့ဘူး။ တမံအပေါ် ရေမကျော်သရွေ့ တမံရေမဝင်တဲ့ အောက်ဘက်က ဖြတ်လို့ရတယ်။ ကျုပ်တို့တစ်ရွာလုံး ပျော်မဆုံး မော်မဆုံးပါ။ ကျုပ်တို့ သဲတောရွာသားတွေက "ရွှေမလိုချင်ပါ၊ ရေကိုသာ လိုချင်တာပါ။" အဲဒါကြောင့် အဘ အဲ ဆရာကြီး ရောက်လာတဲ့ အချိန်မှာ

စာမျက်နှာ ၁၁ သို့

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် တောင်ဇင်းချောင်းမြေအောက်တမံ၊ ဘောလုံးကျွန်းချောင်း မြေအောက်တမံ၊ ကျောက်ပန်းတောင်းမြို့နယ်တွင် စိတ်ထိန်းမြေအောက်တမံ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် အောင်နန်းမြေအောက်တမံ၊ ကျတ်ပြည့်မြေအောက်တမံ၊ ဖောင်ကျောင်းမြေအောက်တမံနှင့် ရိုးရမြေအောက်တမံအပါအဝင် မန္တလေးတိုင်းဒေသကြီးတွင် မြေအောက်တမံ သုံးခုနှင့် မကွေးတိုင်းဒေသကြီးတွင် မြေအောက်တမံ လေးခု စုစုပေါင်း ခုနစ်ခုကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့်တည်ဆောက်လျက်ရှိပါသည်။ ၎င်းပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် နတ်မောက်မြို့နယ် ဥသျှစ်ကုန်းမြေအောက်တမံနှင့် ရေထွက်မြေအောက်တမံ စုစုပေါင်း မြေအောက်တမံ နှစ်ခုကို တည်ဆောက်လျက်ရှိရာ မြေအောက်တမံနှစ်ခုလုံး၏ တည်ဆောက်မှုမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါသည်

ဟသံ်ာတမြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

ဟသံ်ာတ မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဟသံ်ာတမြို့တွင် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ခရိုင်သစ်တောဦးစီးဌာနက ကြီးမှူး၍ ဟသံ်ာတမြို့ရှိ ခရိုင်စီမံကိန်းရုံးဝင်းအတွင်း မေ ၂၈ ရက်က ကျင်းပသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးစဉ်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက ပျိုးပင်များကို ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးအောင်မြင့်နှင့် တာဝန်ရှိသူများထံ ပေးအပ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများက သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မန်ကျန်ရှား၊ ကံ့ကော်၊ မဟော်ဂနီ၊ ရေတမာ စသည့် ပျိုးပင် ၃၅၀ ကို စိုက်ပျိုးခဲ့ပြီး ဟသံ်ာတမြို့နယ်အတွင်း ဒေသစိမ်းလန်းစိုပြည်စေရန်၊ သစ်တောဂေဟာစနစ်များ စဉ်ဆက်မပြတ် တည်တံ့စေရန်၊ ရာသီဥတုပြောင်းလဲမှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်နိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲတို့ ရှင်သန်ပေါက်ဖွားဖြစ်ထွန်းစေရန်၊ သက်ရှိလူသားများ၏ ပတ်ဝန်းကျင် တည်တံ့ကောင်းမွန်စေရန် ရည်ရွယ်ချက်များဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းဖြစ်ကြောင်း ခရိုင်သစ်တောဦးစီးဌာနမှ သိရသည်။

ခရိုင်
(ပြန်/ဆက်)

ရန်ကင်းမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေး ပညာပေးလှုပ်ရှားမှုပြုလုပ်

ရန်ကုန် မေ ၂၈

ရန်ကင်းမြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ဆက်လက်ကာကွယ်နိုင်ရန်အတွက် အမှတ်(၅) ရပ်ကွက် မြို့မဈေး၌ နှာခေါင်းစည်းများ အခမဲ့

ဖြန့်ဝေ၍ အသိပညာပေးသည့် Mask Campaign ကို မေ ၂၇ ရက်ကပြုလုပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဈေးရောင်းသူများနှင့် ဈေးဝယ်လာသူများအား နှာခေါင်းစည်းအခုရေ ၅၀၀၀ ကို အခမဲ့ဖြန့်ဝေခဲ့ပြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်မှု နည်းပါးလာခြင်းကြောင့် Mask Campaign ကို ပြန်လည်ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

အိရ္ဓေစင်(ပြန်/ဆက်)

မြေပုံမြို့နယ်ရှိ ငါးသလောက်သယံဇာတ ထိန်းသိမ်းရေးဧရိယာ၌ တားမြစ်ကာလအတွင်း တရားမဝင်ဖမ်းဆီးမှုမရှိစေရေး ဆောင်ရွက်

မြေပုံ မေ ၂၈

ရခိုင်ပြည်နယ်အတွင်း မြေပုံမြို့နယ် အုန်းကျွန်းခွဆုံမှ မင်းပြားမြို့နယ် မေလွန်းကျေးရွာအထိ မင်းကြောင်းမြစ်ကြောင်းဧရိယာ ၂၀ဖာ၅ ဧကကို ငါးသလောက်သယံဇာတ ထိန်းသိမ်းရေး ဧရိယာအဖြစ် သတ်မှတ်ထားပြီး အဆိုပါ ငါးသလောက်သယံဇာတထိန်းသိမ်းရေး ဧရိယာအတွင်း နှစ်စဉ် ဧပြီ၊ မေလများနှင့် စက်တင်ဘာ၊ အောက်တိုဘာလများသည် ငါးသလောက်သားပေါက်ရာသီဖြစ်သည့်အတွက် ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။

အဆိုပါ ငါးမဖမ်းရဧရိယာအတွင်း တရားမဝင်ဖမ်းဆီးမှုများ မရှိစေရေးအတွက် မြေပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ရွှေနှင့် တာဝန်ရှိသူများက မေ ၂၈ ရက်တွင် ကွင်းဆင်းစစ်ဆေးကြပြီး တားမြစ်ကာလ ငါးသလောက်ဖမ်းဆီးမှုမပြုရေးအတွက် သက်ဆိုင်ရာ ရေလုပ်သားများအား အသိပညာပေးမှုများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သီဟစည်သူ

သာပေါင်းမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုး

သာပေါင်း မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၈ ရက်က သူငယ်စမ်းကျေးရွာ၌ ကျင်းပပြီး ကျွန်းပျိုးပင် ၃၀၀၊ မဟော်ဂနီပျိုးပင် ၄၀၀၊ ပျဉ်းကတိုးပျိုးပင် ၄၀၀၊ မန်ကျန်ရှား ၄၀၀ စုစုပေါင်း ပျိုးပင် ၁၅၀၀ တို့ကို စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းရောထိုက်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝေဖြိုး(၂)က ပျိုးပင်များပေးအပ်ပြီး သစ်ပင်များစိုက်ပျိုးကြသည်။ ဒေသစိမ်းလန်းစိုပြည်စေရေးနှင့် သစ်တောသစ်ပင်များ၏ တန်ဖိုးကို နားလည်ချစ်မြတ်နိုးတတ်စေရန်၊ ရာသီဥတုပြောင်းလဲမှုကို တစ်ဖက်တစ်လမ်းက ကာကွယ်နိုင်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိများ နိုးကြားရှင်သန်စေရန်၊ သစ်တောဂေဟာစနစ်များ စဉ်ဆက်မပြတ် တည်တံ့စေရန်၊ ရာသီဥတုမျှတစေရန်နှင့် လူသားများ၏ ပတ်ဝန်းကျင် တည်တံ့ကောင်းမွန်စေရန် ရည်ရွယ်ချက်များဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဇော်သိန်း
(ပြန်/ဆက်)

စာမျက်နှာ ၁၀ မှ

ဆရာတို့ အစိုးရအဖွဲ့ကို ကျေးဇူးတင်ကြောင်း ဝမ်းသာအားရပြောမိတာပါ”

သောက်သုံးရေ လုံလောက်စွာရရှိစေခဲ့

သည်တစ်ခါတော့ သဲတောရွာသား ဦးချစ်တုံး၏ စကားသံအောက်တွင် ဝမ်းသာပီတိဖြစ်နေမိသူက ကျွန်တော်ပါ။ ကျွန်တော်ပို၍ ဝမ်းသာပီတိဖြစ်ရသည်က ဦးချစ်တုံးက သူ၏လက်များဖြင့် ကျွန်တော့်လက်ကို ရင်းရင်းနှီးနှီးဖျစ်ညှစ် နှုတ်ဆက်လာပါသည်။ ကျွန်တော်လည်း ကိုဗစ်ရောဂါကာလဖြစ်နေသည်ကို သတိမရတော့ဘဲ ဦးချစ်တုံး၏ လက်ကို တင်းတင်းကျပ်ကျပ်ပြန်ဆုပ်၍ နှုတ်ဆက်ဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၂၁ ပြည့်နှစ်က မကွေးတိုင်းဒေသကြီးတွင် သဲတောမြေအောက်တမံ၊ ကျောက်ထပ်မြေအောက်တမံနှင့် မန္တလေးတိုင်းဒေသကြီးတွင် ဝါးခင်းကြီးမြေအောက်တမံတို့ကို ကျွန်တော်တို့ တည်ဆောက်နိုင်ခဲ့ပါသည်။ သဲတောမြေအောက်တမံသည် သဲတောကျေးရွာ အပါအဝင် ရွာသုံးရွာရှိ အိမ်ထောင်စု ၆၈၉ စုမှ လူဦးရေ ၃၃၅၈ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၁၅၆၅ ကောင်အတွက် သောက်သုံးရေ ရရှိစေခဲ့ပါသည်။ ကျောက်ထပ်မြေအောက်တမံသည် ကျေးရွာနှစ်ရွာရှိ အိမ်ထောင်စု ၆၈၉ စုရှိ လူဦးရေ ၁၆၇၃ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၁၄၂၅ ကောင်အတွက် သောက်သုံးရေ ရရှိစေသည့်အပြင် ဝါးခင်းကြီးချောင်းမြေအောက်တမံတည်ဆောက်ခြင်းကြောင့် ကျေးရွာရှစ်ရွာရှိ အိမ်ထောင်စု ၉၆၀ မှ လူဦးရေ ၄၀၀၀နှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၈၀၀ အတွက် သောက်သုံးရေ ရရှိစေခဲ့ပါသည်။

ရေထွက်ကျေးရွာ မြေအောက်တမံတည်ဆောက်ခြင်း ဆောင်ရွက်နေပုံ။

၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် မြေအောက်တမံသုံးခု၏ အကျိုးပြုမှုကို ပြန်လည်စိစစ်သုံးသပ်ပြီး ၂၀၂၂-၂၀၂၃ ခု ယခုဘဏ္ဍာနှစ်တွင် “ရွှေကိုမလို ရေကိုသာလိုသည့်” ရွှေညာသူ ရွှေညာသားများအတွက် မြေအောက်တမံများ လိုအပ်သည့်နေရာများတွင် ထပ်မံတည်ဆောက်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်တည်ဆောက်နေသော မြေအောက်တမံများ

သို့ဖြစ်၍လည်း ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် တောင်ဇင်းချောင်းမြေအောက်တမံ၊ ဘောလုံးကျွန်းချောင်း မြေအောက်တမံ၊ ကျောက်ပန်းတောင်းမြို့နယ်တွင် စိတ်ထိန်းမြေအောက်တမံ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် အောင်နန်းမြေအောက်တမံ၊ ကျတ်ပြည့်မြေအောက်တမံ၊ ဖောင်ကျောင်းမြေအောက်တမံနှင့် ရိုးရမြေအောက်တမံအပါအဝင် မန္တလေးတိုင်းဒေသကြီးတွင် မြေအောက်တမံ သုံးခုနှင့် မကွေးတိုင်းဒေသကြီးတွင် မြေအောက်တမံ လေးခု စုစုပေါင်း ခုနစ်ခုကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့်တည်ဆောက်လျက်ရှိပါသည်။ ၎င်းပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် နတ်မောက်မြို့နယ် ဥသျှစ်ကုန်းမြေအောက်တမံနှင့် ရေထွက်မြေအောက်တမံ စုစုပေါင်း မြေအောက်တမံ နှစ်ခုကို တည်ဆောက်လျက်ရှိရာ မြေအောက်တမံနှစ်ခုလုံး၏ တည်ဆောက်မှုမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါသည်။

အညာဒေသများတွင် မြေအောက်တမံများ တည်ဆောက်ပေးခြင်းဖြင့် ပတ်ဝန်းကျင် ကျေးရွာသူကျေးရွာသားများအတွက် သောက်သုံးရေအထောက်အပံ့ဖြစ်စေခြင်း၊ ချောင်းတစ်လျှောက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးလာနိုင်ခြင်း၊ ကျေးရွာအတွင်းရှိ ရေတွင်းများ၏ ရေမျက်နှာပြင်မြင့်တက်လာပြီး ရေပိုထွက်ခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြေအောက်တမံများသည် “ရွှေကိုမလို ရေကိုသာလိုသည့် ရွှေညာသူ ရွှေညာသား” များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့မှ ပေးအပ်သည့် “အဖိုးမဖြတ်နိုင်သည့် သဘာဝလက်ဆောင်များ” ဟု ခံယူမိပါသည်။ ။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၅-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၇၅	၂၂၂၀	၂၂၁၅	၂၁၈၀	၂၂၂၀	၂၂၄၀	၂၂၂၅	၂၂၀၅	၂၃၀၀	၂၃၁၅	၂၂၁၀	၂၂၂၀	၂၂၅၅	၂၂၅၅	၂၂၆၀	၂၄၈၀	၂၅၄၀
95 Ron	၂၂၈၅	၂၃၃၅	၂၃၃၀	၂၂၉၅	၂၃၃၀	၂၃၅၅	၂၃၄၀	၂၃၂၀	၂၄၁၅	၂၄၃၀	၂၃၂၅	၂၃၄၀	၂၃၇၀	၂၃၇၀	၂၃၇၀	၂၅၉၀	၂၆၀၅
HSD (500 ppm)	၂၂၈၅	၂၃၃၀	၂၃၂၅	၂၂၉၀	၂၃၃၀	၂၃၅၀	၂၃၄၅	၂၃၁၅	၂၄၃၀	၂၄၂၅	၂၃၂၀	၂၃၃၀	၂၃၆၅	၂၃၆၅	၂၃၇၀	၂၅၈၅	၂၆၉၀
HSD (50 ppm)	၂၃၁၀	၂၃၆၀	၂၃၅၅	၂၃၂၀	၂၃၅၅	၂၃၈၀	၂၃၇၅	၂၃၄၅	၂၄၆၀	၂၄၅၅	၂၃၅၀	၂၃၆၀	၂၃၉၅	၂၃၉၅	၂၃၉၅	၂၆၁၅	၂၇၂၅
HSD (10 ppm)	၂၃၁၀	၂၃၆၀	၂၃၅၅	၂၃၂၀	၂၃၅၅	၂၃၈၀	၂၃၇၅	၂၃၄၅	၂၄၆၀	၂၄၅၅	၂၃၅၀	၂၃၆၀	၂၃၉၅	၂၃၉၅	၂၃၉၅	၂၆၁၅	၂၇၂၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၇၁	၂၁၄၆
95 Ron	၂၁၈၀	၂၂၅၈
HSD (500 ppm)	၂၁၇၈	၂၂၅၁
HSD (50 ppm)	၂၂၀၅	၂၂၇၉
HSD (10 ppm)	၂၂၀၅	၂၂၇၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်

မော်လမြိုင် မေ ၂၈

၂၀၂၂-၂၀၂၃ ပညာသင်နှစ် မွန်ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက အမှာစကားပြောကြားရာတွင်(ယာပုံ) ယခုနှစ်ကျောင်းအပ်နှံရေးလှုပ်ရှားမှု ဆောင်ပုဒ်မှာ "ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့" ဖြစ်ကြောင်း၊ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ လူငယ်တိုင်း အခြေခံပညာသင်ယူခွင့်ရရှိစေရန်၊ ကျောင်းအပ်နှံရေး အခွင့်အလမ်းများရရှိပြီး ကျောင်းတက်၊ ကျောင်းနေနှုန်း မြင့်မားလာစေရန်နှင့် အခမဲ့ပညာရေးစနစ် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရေးတို့ ဖြစ်ကြောင်း၊ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေးအတွက် ဒေသဆိုင်ရာ လူမှုရေး အသင်းအဖွဲ့များ၊ မိဘပြည်သူများ၊ ဆရာ ဆရာမများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်မှာကြားလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၏ ကျောင်းအပ်နှံရေးအခမ်းအနား လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းတင်ပြပြီး ပြည်နယ် ပညာရေးမှူး ဒေါက်တာဒေါ်ချိုချိုမြတ်အောင်က ကျောင်းအပ်နှံမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အဆင့်မြင့် ပညာဦးစီးဌာနမှ အခမဲ့ဖြန့်ဝေသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံတို့ကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ပညာရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာအထက်တန်းများတွင် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

ပူတာအိုမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ခရိုင်/မြို့နယ်လုံးဆိုင်ရာ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ပူတာအို မေ ၂၈

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ခရိုင်/မြို့နယ်လုံးဆိုင်ရာ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့က ပူတာအိုမြို့ အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကို လတ်က ပူတာအိုခရိုင်တွင် အထက်တန်းအဆင့် ၂၃ ကျောင်း၊ အလယ်တန်းအဆင့် ၅၃ ကျောင်း၊ မူလတန်းအဆင့် ၁၉၅ ကျောင်း ရှိပြီး ပူတာအိုမြို့နယ်တွင် ကျောင်းပေါင်း ၉၆ ကျောင်း ရှိကြောင်း၊ ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခမဲ့ကျောင်းအပ်နှံကြရမည်ဖြစ်ပြီး ပုံနှိပ်စာအုပ်၊ စာရေးကိရိယာများကိုပါ အခမဲ့ထောက်ပံ့ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူး ဦးနိုင်ဝင်းအောင်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ပညာရေးဌာန၏ ရည်မှန်းချက်၊ ကျောင်းအပ်နှံရေးအတွက် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ ရောက်ရှိမှုနှင့် မြို့နယ်များသို့ ဆက်လက်ဖြန့်ဝေပေးနေမှု အခြေအနေများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ သိရှိထားသင့်သည့် ယနေ့ ပညာရေးစနစ် အကြောင်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့် တာဝန်ရှိသူများက နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သည့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများနှင့် အလျှော်ရှင်များက ထောက်ပံ့ပေးအပ်သည့် ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ကျောင်းသူ ကျောင်းသားများထံ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ဖုန်ကန်(ပြန်/ဆက်)

တူရကီနှင့် ယူအေအီးတို့ နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကတိပြု



အစ္စတန်ဘူလ် မေ ၂၈

တူရကီနိုင်ငံနှင့် ယူအေအီးနိုင်ငံတို့သည် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအားဖြင့် နှစ်နိုင်ငံကြား နယ်ပယ်ကဏ္ဍအစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် မေ ၂၇ ရက်က ကတိပြုခဲ့ကြကြောင်း သိရသည်။

ကုန်သွယ်ရေးမှ ယဉ်ကျေးမှုအထိ၊ ကာကွယ်ရေး စက်မှုလုပ်ငန်းမှ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းအထိ နယ်ပယ်စုံကဏ္ဍစုံတွင် နှစ်နိုင်ငံကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်ရန်အတွက် အဖွဲ့အစည်းအားလုံးနှင့် အတူတကွ လုပ်ဆောင်လျက်ရှိကြောင်း အစ္စတန်ဘူလ်တွင် ယူအေအီးနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ရှိတ် အက်ဒူလာဘင်ဇယက် အယ် နာရန်နှင့် ပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗ်လုပ်ကာယူဆော့ဂ်လူက ပြောသည်။

တူရကီနှင့် ယူအေအီးနိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများကိုလည်း ရှာဖွေနေကြောင်း၊ ယခုနှစ်မကုန်မီတွင် နှစ်နိုင်ငံကြား နယ်ပယ်စုံကုန်သွယ်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် သဘောတူခဲ့ကြောင်း အဆိုပါဝန်ကြီးက ထပ်လောင်းပြောကြားသည်။

နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် မဝေးတော့သည့် အနာဂတ်ကာလတွင် နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံသို့ ရောက်ရှိရန် မျှော်လင့်ကြောင်း အဆိုပါဝန်ကြီး၏ အဆိုအရ သိရသည်။ ယူအေအီးဝန်ကြီးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့သည်။ **ဆင်ဟွာ**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၆၈၅ ဦးတွေ့ရှိ

နယူးဒေလီ မေ ၂၈

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၂၆၈၅ ဦး အပါအဝင် မေ ၂၈ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၄၃၁၅၀၂၁၅ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံတွင် မေ ၂၇ ရက် နံနက်ပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၃ ဦးရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၅၂၄၅၇၂ ဦး ရှိလာပြီ ဖြစ်သည်။ **ဆင်ဟွာ**

အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန် တောင်ဆူဒန်ကို ကန်ဒေါ်လာသန်း ၇၀ ကမ္ဘာ့ဘဏ် ထောက်ပံ့

ဂျူဘာ မေ ၂၈

တောင်ဆူဒန်ရှိ အမျိုးသမီးများ၏ လူမှုရေးနှင့် စီးပွားရေးစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန် အလို့ငှာ အမေရိကန်ဒေါ်လာ သန်း ၇၀ ကို ကမ္ဘာ့ဘဏ်က နိုင်ငံတကာဖွံ့ဖြိုးရေးအသင်းအဖွဲ့အား ထောက်ပံ့လိုက်သည်။

တောင်ဆူဒန် အမျိုးသမီးများနှင့် လူမှုရေးနှင့် စီးပွားရေးစွမ်းဆောင်မှုဆိုင်ရာ စီမံချက် (အက်စ်အက်စ် ဒဗလျူအီးအီးပီ) သည် ၎င်းတို့၏ စီးပွားရေးဆိုင်ရာလှုပ်ရှားမှုများ တရားဝင်ဖြစ်အောင် တိုးချဲ့ဆောင်ရွက်နေသော အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များကို ထောက်ပံ့ပေးရန် ရည်ရွယ်ကြောင်းနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများကို ၎င်းတို့၏ဘဝများ ပြန်လည်ထူထောင်လာစေရန်နှင့် ပြန်လည်တည်ဆောက်နိုင်ရန် အရေးကြီးသော ဝန်ဆောင်မှုများရရှိရေး အတွက် ကူညီပေးရန် ရည်ရွယ်ကြောင်း တောင်ဆူဒန်နိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ် မန်နေဂျာဖြစ်သူ ဖီရက်စ်ရက်ဒ်က ပြောကြားသည်။

ထို့အပြင် အဆိုပါစီမံချက်သည် အမျိုးသမီးများ၏ စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးမှုပညာရပ်များကို တိုးတက်လာစေရန် ထောက်ပံ့ငွေများ၊ သင်တန်းနှင့် နည်းပညာအကူအညီများအား ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ရာဒ်က တောင်ဆူဒန်၏ မြို့တော်ဂျူဘာရှိ သတင်းထောက်များကို ပြောကြားသည်။ **ဆင်ဟွာ**

အီဂျစ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ယာဉ်မတော်တဆမှုကြောင့် ခုနစ်ဦးသေဆုံး

ကိုင်ရို မေ ၂၈

အီဂျစ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် မေ ၂၇ ရက်က အက်မိုင်လီယာစူးအက်သဲကန္တာရလမ်းပေါ်တွင် မီနီဘတ်စ်ကားနှင့် ကိုယ်ပိုင်ကားတစ်စီးတို့ ယာဉ်တိုက်မှုဖြစ်ပွားရာ ခုနစ်ဦး သေဆုံးကြောင်း အစိုးရပိုင် မီဒီယာတစ်ခုတွင် ဖော်ပြထားသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ကိုယ်ပိုင်ကားအတွင်း အောက်ဆီဂျင်စလင်ဒါတစ်ခုနှင့် မီနီဘတ်စ်ကားအတွင်း စလင်ဒါဂက်စ်တစ်လုံးတို့ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်ပေါ်တွင် ပိတ်မိနေသော လူခုနစ်ဦးမှာ မီးလောင်သွားခဲ့ကြောင်း သိရသည်။ ကိုယ်ပိုင်ကား မောင်းနှင်သူမှာ လမ်းတစ်ဖက်သို့ကူးရန် ကြိုးစားနေစဉ်အတွင်း ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း ကနဦးအစီရင်ခံစာများအရ သိရသည်။

အီဂျစ်နိုင်ငံတွင် လမ်းအခြေခံအဆောက်အအုံများ ဆိုးရွားမှုနှင့် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

လွန်ခဲ့သော နှစ်အနည်းငယ်က အီဂျစ်နိုင်ငံတွင် လမ်းအသစ်များ ဖောက်လုပ်ခြင်းနှင့် တံတားသစ်များ တည်ဆောက်ခြင်းစသည့် လမ်းကွန်ရက်များကို အဆင့်မြှင့်တင်ခဲ့ကြောင်းနှင့် ယာဉ်မတော်တဆမှုများကို လျှော့ချရန် လမ်းများကို ပြင်ဆင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

ဟာဝိုင်အီပြည်နယ် ဘွဲ့နှင်းသဘင် အခမ်းအနားတစ်ခုတွင် ပစ်ခတ်မှုဖြစ်

အမေရိကန်နိုင်ငံ ဟာဝိုင်အီပြည်နယ် မြို့တော် ဟိုနိုလူလူရှိ ဘွဲ့နှင်းသဘင်အခမ်းအနားတစ်ခုတွင် ပစ်ခတ်မှုဖြစ်ပွားပြီး ၁၅ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံ ကိုးကားပြီး မေ ၂၇ ရက်တွင် ဒေသတွင်းမီဒီမီယာ၏ ဖော်ပြချက်အရ သိရသည်။ ဒဏ်ရာရရှိသူ သုံးဦးအနက် ကလေးငယ်မှာ ဆေးရုံတင်ထားရပြီး စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း၊ ကျန်နှစ်ဦးမှာ ပြင်းထန်သောအခြေအနေတွင်ရှိကြောင်း အေအိုင်တီဗွီရုပ်မြင်သံကြားဌာန၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါပစ်ခတ်မှုနှင့် ပတ်သက်ပြီး သံသယရှိသူ သုံးဦးကို ဟိုနိုလူလူရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း သိရသည်။

ဖူကျန်းပြည်နယ်တွင် အဆောက်အအုံနှစ်လုံး ပြိုကျမှုကြောင့် လူ ရှစ်ဦး သေဆုံး

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ် ဝူပင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားသောကြောင့် အဆောက်အအုံနှစ်လုံး ပြိုကျကာ လူရှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက မေ ၂၈ ရက်တွင် ပြောသည်။ အဆိုပါဒေသတွင် ကြာသပတေးနေ့ ညနေပိုင်းမှ စနေနေ့အထိ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့ကြောင်း၊ ၂၄ နာရီအတွင်း မိုးရေချိန် ၂၂၀ မီလီမီတာကို ကျော်လွန်ခဲ့ကြောင်း သိရသည်။ ပြိုကျနေသည့် စက်ရုံအဆောက်အအုံထဲမှ လူငါးဦးကို သေဆုံးလျက်တွေ့ရှိပြီး လူနေအဆောက်အအုံပြိုကျမှု အောက်မှ သုံးဦး သေဆုံးလျက်တွေ့ရှိကြောင်း ဒေသ၏ သတင်းပြန်ကြားရေးရုံးက ပြောသည်။

အီကွေဒေါနှင့် အာဂျင်တီးနားနိုင်ငံတွင် monkeypox ရောဂါကူးစက်ခံရသူ တွေ့ရှိ

အီကွေဒေါနိုင်ငံ မြို့တော်ကွိတိုတွင် monkeypox ရောဂါ ကူးစက်ခံရသူဟု သံသယရှိသူတစ်ဦးကို ပထမဆုံးအကြိမ် တွေ့ရှိကြောင်း အီကွေဒေါကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ သံသယရှိသူသည် အာဖရိကသို့ ခရီးသွားဖူးကြောင်း သိရသည်။ အဆိုပါလူနာသည် အဖျားနှင့် အရေပြားအနာကဲ့သို့သော monkeypox ရောဂါနှင့် ဆက်နွယ်သည့် ရောဂါလက္ခဏာပြသကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့အပြင် အာဂျင်တီးနားနိုင်ငံတွင်လည်း စပိန်မှပြန်လည်ရောက်ရှိလာသော အမျိုးသားတစ်ဦးတွင် monkeypox ရောဂါ ပထမဆုံးအကြိမ် ကူးစက်ခံထားရကြောင်း အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အီရန်နိုင်ငံ ကူဇက်စတန်ပြည်နယ်တွင် အဆောက်အအုံတစ်လုံးပြိုကျမှုမှ သေဆုံးသူ ၂၈ ဦးအထိ ရောက်ရှိလာ

အီရန်နိုင်ငံ အနောက်တောင်ဘက် ကူဇက်စတန်ပြည်နယ်ရှိ အဘာဒင်းမြို့တွင် ၁၀ ထပ်တိုက် စီးပွားရေးအဆောက်အအုံတစ်လုံး ပြိုကျမှုမှ စုစုပေါင်း သေဆုံးသူဦးရေ ၂၈ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း အီရန်နိုင်ငံမှ သတင်းဌာနတစ်ခုဖြစ်သည့် အိုင်အက်စ်အင်နယ်အေ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါအဆောက်အအုံပြိုကျမှုကြောင့် ဒဏ်ရာရရှိခဲ့သော လူ ၃၇ ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အဆိုပါ ဒဏ်ရာရရှိသူများအနက် ၃၄ ဦးမှာ ဒဏ်ရာမှ သက်သာလာသောကြောင့် ဆေးရုံမှ ဆင်းခွင့်ရရှိပြီဖြစ်ကြောင်း ကူဇက်စတန်ပြည်နယ် လက်ထောက်အုပ်ချုပ်ရေးမှူးက ပြောသည်။

စစ်ပွဲနှင့် မြေမြှုပ်မိုင်း အိပ်မက်ဆိုးတွေ ခြောက်လှန့်ခံနေရတဲ့ ယီမင်နိုင်ငံပြည်သူများ

နွယ်နီလင်း

အသက် ၁၂ နှစ်အရွယ်ရှိ ရက်ခါဘီသည် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ၎င်း၏ ညာဘက်ခြေထောက် ဆုံးရှုံးခဲ့သည်မှာ ခြောက်လနီးပါးရှိပြီဖြစ်သည်။ ၎င်း၏ ဒဏ်ရာများမှာ သက်သာသွားပြီဖြစ်သော်လည်း နာကျင်မှုနှင့် ဆင်းရဲဒုက္ခများကမူ ပြေပျောက်ဖို့ မလွယ်ပေ။

"၂၀၂၁ ခုနှစ် ဒီဇင်ဘာလက သိုးကျောင်းနေချိန်မှာ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ကျွန်တော့်ရဲ့ ညာခြေထောက်ကို ဆုံးရှုံးခဲ့ရပါတယ်" ဟု မီဒီကမ်းခြေမြို့လေး၏ ဆင်ခြေဖုံးမှာရှိသည့် ဘာနီဖိန့်ကျေးရွာသားဖြစ်သူ ရက်ခါဘီက ဆိုသည်။

ဘဝဟာအတော်ခက်ခဲလာ

"အဲဒီခြေထောက်ပြတ်တဲ့ အချိန်က စပြီး ကျွန်တော့်ဘဝဟာ ချိုင်းထောက်တစ်ခုနဲ့ အတော်ခက်ခဲလာခဲ့ပါတယ်။ နေတဲ့တဲနဲ့ သိုးခြံအကြား သွားဖို့တောင် မလွယ်တော့ပါဘူး။ ခြေထောက်အတု တစ်ခုလိုချင်မိတယ်၊ ဒါမှကျောင်းပြန်တက်လို့ရမယ်။ သူငယ်ချင်းတွေနဲ့လည်း အတူကစားလို့ရမယ်၊ နောက်ပြီး သိုးအုပ်ကိုလည်း ထိန်းကျောင်းလို့ရမယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဆေးဘက်ဆိုင်ရာ လက်လှမ်းမမီ

"ရက်ခါဘီအတွက် ပိုကောင်းတဲ့ အနာဂတ်ကို မျှော်လင့်မိပေမယ့်လည်း ၎င်းတို့မြို့မှာ ဆေးဘက်ဆိုင်ရာ အကူအညီတွေကို လက်လှမ်းမမီတဲ့အတွက် ခြေတုတစ်ခုရဖို့ဆိုတာ မဖြစ်နိုင်ခဲ့ဘူး။ ဒါကြောင့် ချိုင်းထောက်ကိုပဲ အားကိုးနေရပါတယ်" ဟု ၎င်း၏ အစ်ကိုဖြစ်သူ အလီက ပြောသည်။

ဆော်ဒီအာရေဗျနိုင်ငံ ဆေးရုံတွင် ဆေးကုသခဲ့ရ

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ယီမင်အစိုးရက ရက်ခါဘီကို ဆေးကုသမှုခံယူရန်အတွက် ဆော်ဒီအာရေဗျနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ရာ ဆေးရုံတွင် နှစ်လနီးပါးကြာ ဆေးကုသမှုခံယူခဲ့ရသည်။

ကာလရှည်ကြာ ဖြစ်ပွားနေသည့် ယီမင်ပြည်တွင်းစစ်အတွင်း လက်ကျန်မြေမြှုပ်မိုင်းများကြောင့် သေဆုံးမှုမကြာခဏဖြစ်စေခဲ့ကြောင်း အဆိုပါကျေးရွာသား ဟတ်ဆမ်မူစဘတ်က ဆိုသည်။

ကြီးမားသည့် ထိတ်လန့်ကြောက်ရွံ့မှုများဖြစ်ပေါ်

စိုက်ခင်းများ၏ သဲမြေများ၊ စားကျက်မြေများနှင့် လမ်းများအောက်တွင် ထောင်ထားသည့် မြေမြှုပ်မိုင်းများသည် အဆိုပါနေရာတွင် နေထိုင်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးအန္တရာယ်များနှင့်ကြီးမားသည့် ထိတ်လန့်ကြောက်ရွံ့မှုများဖြစ်ပေါ်စေကြောင်း၊ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက်မှာလည်း တစ်နေ့တခြား တိုးလာကြောင်း၊ စစ်ပွဲကြောင့် ဒေသတွင်းရှိ ဆေးရုံများကို ပျက်စီးစေခဲ့သဖြင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်များနှင့် လက်လှမ်းမမီ ဖြစ်ခဲ့ရကြောင်း ဟတ်ဆမ်မူစဘတ်က ဆက်လက်ပြော ကြားသည်။

သေဆုံးသူအများစုမှာ ကလေးများနှင့် လယ်သမားများဖြစ်

စစ်ပွဲကြောင့် သေဆုံးသူအများစုမှာ ကလေးငယ်များနှင့် လယ်သမားများ အများဆုံးဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာ စက်ကိရိယာများ၊ ဒါဇင်နှင့်ချီ၍ ပျက်စီးခဲ့ရကာ သိုးများ၊ ကုလားအုတ်များနှင့် နွားများလည်း သေဆုံးခဲ့ရသည်။

၂၀၂၁ ခုနှစ်အတွင်းက ယီမင်နိုင်ငံတွင် ဖော်ထုတ်ရရှိသည့် မြေမြှုပ်မိုင်းများကို ဖျက်ဆီးရန် ဆောင်ရွက်နေစဉ်။

> ❖ **မြေမြှုပ်မိုင်းအများစုမှာ သေးငယ်သော ကျောက်တုံးများ၊ အစားအစာဘူးများနှင့် ရေသန့်ဘူးပုံစံများအတွင်း ပလတ်စတစ်ဘူးများဖြင့် ပြုလုပ်ထားသော လက်လုပ်မြေမြှုပ်မိုင်းများဖြစ်သည်။ မြေမြှုပ်မိုင်းများသည် နိုင်ငံအတွင်း ကြီးမားသောဘေးဒုက္ခကို ဖြစ်ပေါ်စေခဲ့ပြီး သန်းပေါင်းများစွာသော ပြည်သူများ၏ အသက်များကို ခြိမ်းခြောက်နေကြောင်း အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် မီဒီယာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကာရာဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ကဘော့ အယ်လ်အာဘ်စီက ပြောကြား**
>
> ❖ **၂၀၁၈ ခုနှစ် အလယ်ပိုင်းမှစတင်ကာ ယီမင်နိုင်ငံတစ်ဝန်းရှိ မြေမြှုပ်မိုင်း ၃၃၉၄၃၁ လုံးကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့**

လက်ရှိအချိန်အထိ ယီမင်အစိုးရသည် မီဒီမြို့နှင့် အခြားနေရာများတွင် လက်ကျန်မြေမြှုပ်မိုင်းများကို ဆက်လက်ရှာဖွေ ဖယ်ရှားမှုများ လုပ်ဆောင်နေရသည်။

မြေမြှုပ်မိုင်း တစ်သန်းကျော်ချထား

အီရန် ကျောထောက်နောက်ခံပြုထားသည့် ဟူသီသူပုန်များသည် မြောက်ပိုင်းပြည်နယ် အများအပြားကို သိမ်းပိုက်ခဲ့ပြီး ဆော်ဒီကျောထောက်နောက်ခံပြုထားသည့် ယီမင်အစိုးရကို မြို့တော်ဆနားမှ ထွက်ခွာခဲ့သည့် ၂၀၁၄ ခုနှစ်နောက်ပိုင်း ပြည်တွင်းစစ်ဖြစ်ပွားသည့်အချိန်မှစတင်ကာ မြေမြှုပ်မိုင်း တစ်သန်းကျော်ချထားခဲ့ကြောင်း ယီမင်နိုင်ငံရှိ လက်ကျန်မိုင်းရှင်းလင်းရေးအဖွဲ့များက ပြောသည်။

ပြည်သူများ၏ အသက်များကို ခြိမ်းခြောက်နေ

မြေမြှုပ်မိုင်းအများစုမှာ သေးငယ်သော ကျောက်တုံးများ၊ အစားအစာဘူးများနှင့် ရေသန့်ဘူးပုံစံများအတွင်း ပလတ်စတစ်ဘူးများဖြင့် ပြုလုပ်ထားသော လက်လုပ်မြေမြှုပ်မိုင်းများဖြစ်သည်။ မြေမြှုပ်မိုင်းများသည် နိုင်ငံအတွင်း ကြီးမားသောဘေးဒုက္ခကို ဖြစ်ပေါ်စေခဲ့ပြီး သန်းပေါင်းများစွာသော ပြည်သူများ၏ အသက်များကို ခြိမ်းခြောက်နေကြောင်း အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် မီဒီယာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကာရာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ တစ်ဦးဖြစ်သူ ကဘော့ အယ်လ်အာဘ်စီက ပြောကြားသည်။

မကြာသေးမီက ယီမင်အစိုးရသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းနိုင်ငံရေးနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက မီဒီယာကမ်ပိန်းတစ်ခုကိုစတင်ရန် နှစ်လကြာ အပစ်အခတ်ရပ်စဲရေးကို သဘောတူညီခဲ့ပြီး ဟူသီအုပ်စုကိုလည်း နယ်မြေရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မြေမြှုပ်မိုင်း တည်ရှိရာနေရာများကို ဖော်ထုတ်ပေးရန် တိုက်တွန်းထားကြောင်း သိရသည်။

မိုင်းရှင်းလင်းရေး နှစ်ပေါင်းများစွာကြာ လုပ်ဆောင်ရနိုင်

ဟူသီများသည် မြေမြှုပ်မိုင်းတည်ရှိရာနေရာများကို ဖော်ထုတ်ပေးရန် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက မိုင်းရှင်းလင်းရေး လုပ်ငန်းများကို နှစ်ပေါင်းများစွာ ကြာသည်အထိ လုပ်ဆောင်ရနိုင်ကြောင်း အယ်လ်အာဘ်စီက ပြောသည်။

သေဆုံးသူအများစုမှာ ကလေးငယ်များနှင့် အမျိုးသမီးများဖြစ်သောကြောင့် စစ်ပွဲကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများကို ကာကွယ်ရန် မိုင်းရှင်းရေးလှုပ်ရှားမှုကို ကြိုးစားလုပ်ဆောင်သင့်ကြောင်း၊ အဆိုပါလှုပ်ရှားမှုမှာ စစ်ပွဲကြောင့် ဖြစ်ပေါ်သည့်ကပ်ဘေးကို နိုင်ငံတကာအဖွဲ့အစည်းများက အာရုံစိုက်လာစေရန် ရည်ရွယ်ကြောင်း မိုင်းရှင်းလင်းရေးလှုပ်ရှားမှုကို ထောက်ခံအားပေးသူ ဟူဒါအောဆာရာရီက ပြောကြားသည်။

မြေမြှုပ်မိုင်း ၃၃၉၄၃၁ လုံးကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့

၂၀၁၈ ခုနှစ် အလယ်ပိုင်းမှစတင်ကာ ယီမင်နိုင်ငံတစ်ဝန်းရှိ မြေမြှုပ်မိုင်း ၃၃၉၄၃၁ လုံးကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပြီးဖြစ်ကြောင်း မြေမြှုပ်မိုင်းရှင်းလင်းရေးဆိုင်ရာ စီမံကိန်းဝက်ဘ်ဆိုက်တစ်ခုမှ ထုတ်ပြန်ထားသည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကိုးကား – ဆင်ဟွာ

မေ ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၂၄ ရာခိုင်နှုန်းရှိ

(၂၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၅-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီမှ (၂၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၄၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၈၄,၃၇၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၂၉၈) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၂၆၄) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၄၂၂) ခု	(၇) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၂၀) ခု	(၂) ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၁၈၈) ခု	(၁) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၂) ခု	-
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၈၀၀) ခု	(၂) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၈၅၅) ခု	(၁) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၅,၁၃၀) ခု	(၅) ဦး
စုစုပေါင်း	(၇,၄၁၇) ခု	(၁၈) ဦး

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

၂၈- ၅- ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၈၅၆၉၉၈၄၇	၈၁၉၉၈၂၂၃	၁၀၃၁၂၁၈
၂။	အိန္ဒိယ	၄၃၁၅၀၂၁၅	၄၂၆၀၉၃၃၅	၅၂၄၅၇၂
၃။	ဘရာဇီး	၃၀၉၂၁၁၄၅	၂၉၉၃၉၈၇၃	၆၆၆၃၆၅
၄။	ပြင်သစ်	၂၉၄၃၉၄၁၆	၂၈၇၇၉၉၆၈	၁၄၈၁၂၉
၅။	ဂျာမနီ	၂၆၂၇၉၆၃၈	၂၅၁၁၉၅၀၀	၁၃၉၁၃၂
၆။	ဗြိတိန်	၂၂၂၇၇၆၉၆	၂၁၈၉၃၃၄၈	၁၇၈၄၆၅
၇။	ရုရှား	၁၈၃၁၉၈၄၈	၁၇၇၂၅၄၄၀	၃၇၈၈၇၀
၈။	တောင်ကိုရီးယား	၁၈၀၆၇၆၆၉	၁၇၅၉၀၇၉၂	၂၄၁၃၉
၉။	အီတလီ	၁၇၃၅၅၁၁၉	၁၆၄၄၉၆၉၇	၁၆၆၄၇၆
၁၀။	တူရကီ	၁၅၀၆၈၀၁၇	၁၄၉၆၅၉၄၆	၉၈၉၄၈

၂၈-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံ	ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
ဗီယက်နမ်	၁၀၇၁၆၃၆၁	၉၄၃၉၉၁၃	၄၃၀၇၈
အင်ဒိုနီးရှား	၆၀၅၄၁၇၃	၅၈၉၄၆၂၈	၁၅၆၅၇၃
မလေးရှား	၄၅၀၀၉၃၄	၄၄၃၉၈၉၂	၃၅၆၅၈
ထိုင်း	၄၄၃၈၉၉၉	၄၃၆၂၃၁၇	၂၉၉၅၁
ဖိလစ်ပိုင်	၃၆၉၀၀၅၅	၃၆၂၇၁၆၆	၆၀၄၅၅
စင်ကာပူ	၁၂၉၀၀၄၆	၁၂၀၈၆၀၄	၁၃၈၃
မြန်မာ	၆၁၃၂၉၈	၅၉၂၂၆၄	၁၉၄၃၄
လာအို	၂၀၉၉၅၀	၂၀၈၃၄၄	၇၅၆
ဘရူနိုင်း	၁၄၇၈၇၂	၁၄၆၁၈၆	၂၂၃
ကမ္ဘောဒီးယား	၁၃၆၂၆၂	၁၃၃၂၀၁	၃၀၅၆

အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့် (၂၀) ကြာဆေးကြောပါ။

သီးနှံစားသုံးသူ

ဆရာမဇော

"ဒီနာနတ်သီးဟာ သကြားရည်စိမ်ထားသလား မသိဘူး၊ သိပ်ချိုတယ်" ကျွန်တော့် မိတ်ဆွေနိုင်ငံခြားသားက မှတ်ချက်ပေး၏။

"သဘာဝအတိုင်းချိုတာပါဗျာ။ ဒို့နိုင်ငံမှာ ဒါမျိုးတွေ အများကြီးပဲ"

ဧည့်ခန်းမှာထိုင်ရင်း ဧည့်ခံသော နာနတ်သီးကို စားရင်း ကျွန်တော်တို့နှစ်ယောက် ငြင်းနေကြပါသည်။

နောက်နေ့နံနက်တွင် ကျွန်တော် ပုဏ္ဏားကျွန်းမြို့က ဈေးတန်းထဲသွားပြီး နာနတ်သီးတွေ ဝယ်ကာ ဧည့်သည်ကို ခွဲကျွေးလိုက်၏။

"မင်းရှေ့မှာတင်ခွဲတာနော်၊ ဘာသကြားမှ မပါပါဘူး"

ကျွန်တော်တို့နှစ်ယောက် ပုဏ္ဏားကျွန်းနာနတ်ကို မြိန်ရည်ရှက်ရည်စားကြသည်။ မမေ့နိုင်သော အရသာပင်။

မြန်မာ့မြေမှ နာနတ်သီးများ

မန္တလေးကိုရောက်လျှင်လည်း မန္တလေးဈေးချိုထဲမှာ နာနတ်သီးအမျိုးမျိုး ရနိုင်၏။ ပုံစံတစ်မျိုးနှင့် ထူးခြားစွာချိုသော မြစ်ကြီးနားနာနတ်သီးကို အိမ်အပြန်လက်ဆောင် ဝယ်ခဲ့ရသေး၏။

ရှမ်းမြောက်ပိုင်းသို့သွားလျှင်မူ သီပေါနှင့် လားရှိုးကြား နာနတ်ခင်းတွေမှာ တစ်မျှော်တစ်ခေါ်။ သီပေါနာနတ်မှာလည်း အလွန်ချိုး၏။

"ဒါကျွန်တော်တို့ရွာကထွက်တဲ့ နာနတ်သီးပါဆရာ။ အစိမ်းရောင်ရှိတုန်းမှာစားမှ အရသာရှိပါတယ်။ ဝါသွားရင် အရသာပျက်တယ်"

တပည့်ဖြစ်သူ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းသားက ရွာထွက်နာနတ်သီး လက်ဆောင်ပေးခဲ့၏။ နာနတ်သီးဆို ချိုပြီးသားဟုပင် ယုံမှားရလောက်၏။

ထိုကဲ့သို့ စိမ်းနေတုန်းစားရသော နာနတ်သီးမျိုးကို တိုက်ကြီးမြို့အထွက် သစ်သီးဆိုင်တွေမှာ ရဖူး၏။ စင်ကာပူနာနတ်ဟု ခေါ်တွင်လေသည်။ ရခိုင်က နာနတ်ကဲ့သို့ အစိမ်းရောင်ရှိချိန်စားမှ ချိုလေသည်။

ကျွန်တော်က နာနတ်သီးကြိုက်သူ။ ငယ်ငယ်ကတော့ မိဘတွေက နာနတ်သီးမှည့်ကို ပျားရည်နှင့် ဆမ်း၍ ကျွေးကြ၏။ သန်ကောင်တွေကျအောင်ဟု ဆိုကာ ကျွေး၏။ "ပျားရည်နှင့် ဝမ်းချသည်" ဟု ဆိုရမည်လား။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်နယ်က နာနတ်သီးကမူ အချိုလေး၏။ အခြားနာနတ်သီးများနှင့် မတူ၊ အရသာကွဲပြားမှု အနည်းငယ်ရှိလေသည်။ မကြာခင်က ပြင်ဦးလွင်မှာ စားရသော နာနတ်သီးကမူ ထုံးစံအတိုင်း ချိုမြ၍နေလေသည်။

ငယ်ငယ်ကရသည့် မုန့်ဖိုးနှင့် ကိုယ်ဝယ်စားရသော နာနတ်သီး တစ်မျိုးရှိသေး၏။ ဒါးပိန် ထုံးကြီး ဘက်မှ နာနတ်သီးကလေးများပင် ဖြစ်ပါသည်။ သေးသော်လည်း ချို၏။ ကလေးတို့အတွက် လက်လှမ်းမီ၏။

တစ်ချိန်က ပြည်တွင်းပြည်ပ ဟိုတယ်များတွင် အရသာကောင်းသော သစ်သီးများကို အမြဲရ၏။ သစ်သီးကောင်းများကိုရွေး၍ ကျွေးတတ်သော စားဖိုမှူးများကို ချီးကျူးခဲ့ဖူး၏။ ယခုတော့ မဟုတ်ပေ။ ပြည်တွင်းပြည်ပ မည်သည့်ဟိုတယ်သွားသွား နာနတ်သီးချိုချို မရနိုင်ချေ။ တစ်ခုခုတော့ ပြောင်းလဲသွားသည်မှာ အမှန်ပင်။

တစ်ခါက အိန္ဒိယနိုင်ငံ မာဂလာယာပြည်နယ် ရီလွန်မြို့ကို ရောက်သွား၏။ အာသံပြည်နယ် ဂေါဟတိမြို့မှ ရီလွန်မြို့အထိ လမ်းတစ်လျှောက်လုံးတွင် သစ်သီးဆိုင်များ၌ နာနတ်သီး၊ ပိန္နဲသီးများကို အလျှံအပယ် တွေ့ခဲ့ရလေသည်။ ရီလွန်မြို့ရောက်တော့လည်း နာနတ်သီးချိုချိုများကို အားရပါးရ စားခွင့်ရခဲ့သည်။

စားနပ်ရိက္ခာ ဖူလုံရေး

ကျွန်တော်တို့၏ အစည်းအဝေးမှာ "ရေဖူလုံရေး" ကို အဓိကထား ဆွေးနွေးကြရင်းနှင့် "စားနပ်ရိက္ခာ ဖူလုံရေး" ခေါင်းစဉ်လည်းတွဲဖက်၍ ပါလာလေ သည်။ တကယ်တော့ "ရေဖူလုံရေး"၊ "စားနပ်ရိက္ခာ ဖူလုံရေး" နှင့် "စွမ်းအင်ဖူလုံရေး" သုံးခုသည် ဆက်စပ်နေပြီး အနာဂတ်အတွက် ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုကိုရရှိရန် မရှိမဖြစ်လိုအပ်နေသော အခြေခံပင်ဖြစ်ပါသည်။

ပညာရှင်ကြီးတို့သည် လုပ်ငန်းအကြီးအကျယ်စဉ်းစားကြပါ၏။ အိန္ဒိယသမုဒ္ဒရာတွင် တောင်အာရှနိုင်ငံများ၏ "ရေဖူလုံရေး"၊ မြန်မာ-ထိုင်း တို့ပါသော BIMSTEC နိုင်ငံများ၏ ရေဖူလုံရေး၊ အနာဂတ် Free Trade လွတ်လပ်စွာ ကုန်သွယ်မှုကိစ္စများလည်း ပါဝင်၏။

သစ်သီးနိုင်ငံရေး

ကျွန်တော်တို့ ပညာရှင်ကလေးများအုပ်စုကမူ

> **❒ သစ်သီးများကို သဘာဝအတိုင်း လတ်လတ်ဆတ်ဆတ် အရသာရှိရှိ စားသုံးနိုင်ရေး အတွက်မူ အချိန်က စကားပြော၏။ နေးကွေးသော လမ်းကြောင်းများဖြင့် အလုပ်မဖြစ်ချေ။**

> **❒ မြန်မာနိုင်ငံတွင် ယခင်ကပင် ရှမ်းအရှေ့ဒေသမှာ သီးနှံကောင်းကောင်းများ အလွယ်တကူရခဲ့၏။ ယိုးဒယားမန်ကျည်းသီးကအစ ချို၏။ စားကောင်း၏။ သရက်သီး၊ မရမ်းသီး၊ ကြက်မောက်သီး၊ ဒူးရင်းသီးကအစ ကျွန်တော်တို့ မြန်မာနိုင်ငံတောင်ပိုင်းမှာ ထွက်သမျှအသီးများ မျက်နှာငယ်လာ၏။ ထို့ပြင် မလေးရှားဒူးရင်းသီးများကပါ ဈေးကွက်ဝင်လာ၏။ ကျွဲကောသီးများဆိုလျှင် မော်လမြိုင်ဓာတ်ကျွဲကောဟူသော နာမည်ပင် ယခုအခါ ပျောက်လုံးဖြစ်နေလေသည်**

စားနပ်ရိက္ခာဖူလုံရေးအတွက် ဒေသတွင်း စုပေါင်းဈေးကွက်ဖော်ဆောင်နိုင်ရေးကို ဘေးထွက်ပစ္စည်းအနေဖြင့် ဆွေးနွေးတင်ပြခဲ့ကြလေသည်။ "တို့တစ်တွေ သစ်သီးနိုင်ငံရေးလုပ်ကြရင် မကောင်းဘူးလား" ကျွန်တော်က အကြံပေါ်လာသမျှ တင်ပြမိ၏။

"မင်းက ဘာကိုဆိုလိုတာလဲ"

အားလုံးက ဝိုင်း၍ မျက်လုံးပြူးကာ မေးကြ၏။ အစည်းအဝေးထဲတွင် မြန်မာ၊ နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံများနှင့်အတူ အိန္ဒိယနိုင်ငံမှ ညီအစ်မခုနစ်ဖော်ဟုခေါ်သော မဏိပူရ၊ ဆစ်ကင်း၊ အာရူနာချာပရာဒ့ရှ်၊ မီဇိုရမ်၊ အာသံနှင့် နာဂလင်း(ဒ်) မှ ကိုယ်စားလှယ်များ မာဂလာယာပြည်နယ်၏ ရီလွန်တို့တွင် စုဝေးရောက်ရှိနေချိန်ဖြစ်ပါ၏။

မြန်မာနိုင်ငံတွင် အာလူးအမျိုးမျိုးထွက်၏။ ရှမ်းပြည်နယ်သည် အာလူးထွက်ကုန်အတွက် နာမည်ကြီး၏။ ယခုနိုင်ငံခြားမျိုး အာလူးအလုံးကြီးများပင် စိုက်ပျိုးထွက်ရှိ၏။ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ဘက်မှ အာလူးအလုံးသေးကလေးများမှာ လူကြိုက်များ၏။ အရသာရှိ၏။ ထိုကဲ့သို့ပင် ကျွန်တော်တို့ စုဆုံရာဒေသတွင်း နိုင်ငံအသီးသီးမှ မျိုးကောင်းအာလူးများ ထွက်ရှိ၏။ တစ်နိုင်ငံချင်းရောင်း၍ မကုန်လျှင်ပင် ဒေသအတွင်း အာလူးစျေးကွက်ကို ကမ္ဘာ့နိုင်ငံများအကြား ထင်ရှားအောင် ဝိုင်းလုပ်၍ ဖြစ်နိုင်၏။

ဤဒေသတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများစွာကွဲပြားသလို နိုင်ငံရေးစနစ်များ၊ ယုံကြည်ချက်များသည်လည်း ကွဲပြားကြ၏။ ကွဲပြားခြားနားမှုကိုကြည့်၍ နိုင်ငံရေးလုပ်ခြင်းထက် ပူးပေါင်းဆောင်ရွက်နိုင်သည့် အလုပ်များကို လက်တွဲလုပ်ကြခြင်းဖြင့် တစ်ပြိုင်နက်တိုးတက်မှုကို ဖော်ဆောင်၍ ရမည်ထင်၏။

"Potato Politics – အာလူးနိုင်ငံရေး" လို့ပဲ ဆိုကြပါစို့။

သံတမန်တွေကမူ "Potato Diplomacy" အာလူးအခြေခံ သံတမန်ဆက်သွယ်ရေးဟု ဆိုချင်ကြ၏။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ဒါကာမြို့ပြင်ထွက်လိုက်သည်နှင့် ပိန္နဲသီးတွေ၊ ထန်းသီးတွေ တောင်လိုပုံနေ၏။

"မင်းတို့နိုင်ငံမှာ ပိန္နဲသီးခြောက် ထုတ်လုပ်ရောင်းချသလား" ဟု ကျွန်တော့်အမေးကို ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်က မဖြေနိုင်။

မြန်မာပြည်ဈေးကွက်သို့ ယခင်က ထိုင်းနိုင်ငံထွက် ပိန္နဲသီးခြောက်များ၊ ဒူးရင်းသီးခြောက်များ လွှမ်းမိုး၏။ ယခုအခါတွင်မူ ဗီယက်နမ်နိုင်ငံထွက် ပိန္နဲသီးခြောက်များက နေရာယူထားကြလေသည်။

"ဒို့ဒေသအတွင်းမှာ ဆင်းရဲသားတွေများပေမယ့် အလုပ်လုပ်ကြတဲ့သူတွေချည်းပဲ။ ရေကောင်းမြေကောင်း သစ်သီးကောင်းတွေထွက်ပေမယ့် ရေရှည်ခံအောင် မထိန်းသိမ်းနိုင်၊ မထုတ်လုပ်နိုင်၊ တန်ဖိုးမြင့်ထုတ်ကုန်တွေ မလုပ်နိုင်လို့ ရိက္ခာဖူလုံလျက်နဲ့ ငွေရှားနေရတာပဲ။ နည်းပညာတွေကို မျှဝေပြီး အတူတကွ တိုးတက်အောင် ကြိုးစားလို့ မရနိုင်ဘူးလား" ဟူ၍ မေးမေးပြောပြောရှိခဲ့ပါ၏။

လမ်းပန်းဆက်သွယ်ရေး

ဒေသအတွင်းမှာ လှိုင်လှိုင်ထွက်သော နာနတ်သီးများမှာလည်း ကုန်သွယ်မှုမြင့်၊ နည်းပညာမြင့်၊ စုပေါင်းလုပ်ဆောင်မှုမြင့်၍ ရနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်သည့်အတွက် လတ်ဆတ်သောသီးနှံများကို အလွယ်တကူ သယ်ပို့ရောင်းချရန်မှာမူ ခက်ခဲပါ၏။

မကြာခင်ကပင် လာအိုနိုင်ငံ လွမ်ပရာဘန်မြို့မှ တရုတ်နိုင်ငံ ပီကင်းမြို့အထိ ကျည်ဆန်ရထားမှ တစ်ဆင့် ထိုင်းနိုင်ငံထွက် ဒူးရင်းသီးများကို တင်ပို့နိုင်ပြီဟုသော သတင်းတစ်ရပ်ထွက်ပေါ်ခဲ့ပါသည်။ သစ်သီးများကို သဘာဝအတိုင်း လတ်လတ်ဆတ်ဆတ် အရသာရှိရှိ စားသုံးနိုင်ရေးအတွက်မူ အချိန်က စကားပြော၏။ နေးကွေးသော လမ်းကြောင်းများဖြင့် အလုပ်မဖြစ်ချေ။

မြန်မာနိုင်ငံတွင် ယခင်ကပင် ရှမ်းအရှေ့ဒေသမှာ သီးနှံကောင်းကောင်းများ အလွယ်တကူရခဲ့၏။ ယိုးဒယားမန်ကျည်းသီးကအစ ချို၏။ စားကောင်း၏။ သရက်သီး၊ မရမ်းသီး၊ ကြက်မောက်သီး၊ ဒူးရင်းသီးကအစ ကျွန်တော်တို့ မြန်မာနိုင်ငံတောင်ပိုင်းမှာ ထွက်သမျှအသီးများ မျက်နှာငယ်လာ၏။ ထို့ပြင် မလေးရှား ဒူးရင်းသီးများကပါ ဈေးကွက်ဝင်လာ၏။ ကျွဲကောသီးများဆိုလျှင် မော်လမြိုင်ဓာတ်ကျွဲကောဟူသော နာမည်ပင် ယခုအခါ ပျောက်လုံးဖြစ်နေလေ သည်။

"မြန်မာသင်္ဘောသီးလေး တစ်လုံးလောက် ဝယ်ချင်တယ်"

"ဒါ မြန်မာပြည်ကထွက်တဲ့ မြန်မာသင်္ဘောသီး ပဲလေ"

ကျွန်တော့်စကားကို ဈေးရောင်းသူက ဖြေလေ သည်။ မြန်မာမျိုးရင်း သင်္ဘောသီးကို ဈေးရောင်းသူ မြန်မာပြည်သား မသိတော့ချေ။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က ထိုင်းနိုင်ငံမှာ သင်္ဘောသီးပြဿနာရှိခဲ့၏။ မျိုးရိုးပြင်ထားသော သင်္ဘောသီးများ ထိုင်းနိုင်ငံတွင် ရောင်းချမှုအတွက် ကျန်းမာရေးနှင့်ညီညွတ်မှုရှိ မရှိ ငြင်းခုန်ကြရာမှ အသံကျယ်လာ၏။ ယခုတော့ ငြိမ်သွားပါပြီ။

မြန်မာပြည်ထဲသို့ ယိုးဒယားသင်္ဘောသီးများ ရောက်လာ၏။ စိုက်ကြ၊ ရောင်းကြ။ နောက်ထပ် ထိုင်ဝမ်သီးဟုခေါ်သော သင်္ဘောသီးအကြီးကြီးများကို ဈေးကွက်ထဲတွင်တွေ့နေရ၏။ မြန်မာ သင်္ဘောသီးဆိုသောအရာကိုမူ ပုပ္ပားရွာနှင့် ပန်းတောင်းမြို့တို့တွင်သာ ရှာဖွေ၍တွေ့ရလေ သည်။

ဤဒေသတွင် GM နည်းဖြင့် မျိုးရိုးဗီဇပြုပြင်ထားသော အသီးအနှံများစွာ ဈေးကွက်ထဲ ရောက်လာ၏။ သင်္ဘောသီး၊ ခရမ်းချဉ်သီး၊ ပြောင်းဖူး သာမက ဆန်များပင် မျိုးရိုးဗီဇပြုပြင်ထားသော ထွက်ကုန်များတွေ့ လာရလေသည်။

စာမျက်နှာ ၁၇ သို့

ပြည်တွင်းစားသုံးမှုဖူလုံရေး ရည်မှန်းချက်ထား ဆောင်ရွက်ပေး နို့ချက်စက်ရုံ မန္တလေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်တွင် စီးပွားရေး ဦးတည်ချက်သုံးရပ်ကို ချမှတ်ထားပြီးဖြစ်ရာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

မင်းခလုင်(သမ/ဦးစီး)

ထို့အတူ ပြည်တွင်းရှိ ရပ်ဆိုင်းထားသည့် စက်ရုံ / အလုပ်ရုံများကို ပြန်လည်လည်ပတ်စေပြီး ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရေး၊ စျေးကွက်အတွင်း ပြည်သူများသို့ ပြည်တွင်းထုတ်ကုန်များကို သက်သာသော စျေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရာသီဥတုမျှတပြီး ရေမြေသဘာဝ၊ မြေဆီမြေသြဇာပြည့်ဝပြီး ရေခံမြေခံ ကောင်းမွန်သော ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းကောင်းများကို ရရှိပိုင်ဆိုင်ထားသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိုအခြေခံကောင်းများအပေါ် မူတည်၍ သမဝါယမအသင်းများကလည်း သမဝါယမစနစ်ကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် စျေးကွက်အတွင်း ပြည်ပသွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိစေရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။

မန္တလေးနို့ချက်စက်ရုံ၏ နောက်ခံသမိုင်း

မန္တလေးနို့ချက်စက်ရုံသည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်တွင် တည်ရှိပြီး ၂၅-၉-၁၉၈၄ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဝန်ကြီးများ အဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ကိုလံဘိုစီမံကိန်း အစီအစဉ်ဩစတြေးလျှနိုင်ငံ၏အကူအညီဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၁၉၈၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှစတင်၍ မန္တလေးနို့ချက်စက်ရုံစီမံကိန်းကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၈၅ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးနို့ချက်စက်ရုံအား စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ဧပြီလ ၂၇ ရက်တွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တစ်ဆင့်ယခင် မန္တလေးတိုင်း သမဝါယမအသင်းစုက လွှဲပြောင်းလက်ခံရယူခဲ့သည်။ ၁၉၉၂ ခုနှစ် ဇွန်လ ၁ ရက်မှစ၍ "မန်းနို့ဆီ" တံဆိပ်ဖြင့် စားသုံးသူများအကြား နို့ဆီဘူးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် မန္တလေးနို့ချက်စက်ရုံ။

မန္တလေးနို့ချက်စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၄၈၈ ဒသမ ၁၀နှင့် ညီမျှသော သြစတြေးလျှဒေါ်လာ ၆ ဒသမ ၈၆၅ သန်း (ထိုအချိန်က သြစတြေးလျှတစ်ဒေါ်လာလျှင် ငွေကျပ် ၇ ဒသမ ၁၁ နှုန်းဖြစ်သည်) နှင့် ငွေကျပ် ၈၂၄ သိန်း စုစုပေါင်း ငွေကျပ် ၁၃၁၂ ဒသမ ၁ သိန်း ရှိခဲ့သည်။ မန္တလေးတိုင်းသမဝါယမအသင်းစု အနေဖြင့် မန္တလေးနို့ချက်စက်ရုံမှ ထုတ်လုပ်သော နို့ဆီဘူးများကို တပ်မတော်ရိက္ခာအဖြစ် ၁၉၉၂-၁၉၉၃ ဘဏ္ဍာနှစ်မှ ၁၉၉၅-၁၉၉၆ ဘဏ္ဍာနှစ်ထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ သိန်းတန်ဖိုးရှိ နို့ဆီဘူးပေါင်းသုံးသိန်း၊ ငွေကျပ် ၄၉၂၂ သိန်းတန်ဖိုးရှိ နို့ဆီဘူးပေါင်း ၁၂၈ ဒသမ ၂ သိန်း ပေးသွင်းနိုင်ခဲ့သည်။

၁၉၉၆ ခုနှစ်မှ ၂၀၁၆ ခုနှစ် အထိ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်၊ တာရှည်ခံပြီး အရည်အသွေးအဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရန်နှင့် အရည်အသွေးမြင့်ထုတ်ကုန်များ ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်၍ Myanmar Dairy Industries Co.,Ltd: နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည်။ Myanmar Dairy Industries Co.,Ltd: အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၆ သန်း (ခန့်မှန်း ငွေကျပ်သန်း ၂၄၀ ခန့်ကို ထပ်မံ ရင်းနှီးမြှုပ်နှံခဲ့ပြီး တစ်ရက်လျှင် အများဆုံး နို့ဆီဘူးပေါင်း ၁ ဒသမ ၂ သိန်း (တန်၅၀)မှ အနည်းဆုံး နို့ဆီဘူး ၅၅၄၀၀ (၂၂ တန်) ထုတ်လုပ်နိုင်ခဲ့သည်။ Myanmar Dairy Industries Co.,Ltd: နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် ထုတ်လုပ်ခွင့်ပြုငှားရမ်းခအဖြစ် တစ်လလျှင် အနည်းဆုံးငွေကျပ် ၁၀ သိန်းမှ အများဆုံး ငွေကျပ်သိန်း ၆၀ အထိ ပေးသွင်းခဲ့ရာ စုစုပေါင်း ငွေကျပ်သိန်း ၈၀၅၁ ဒသမ ၉၀ ရရှိခဲ့သည်။ အဆိုပါ ငှားရမ်းခရရှိငွေမှ နိုင်ငံတော်ဝင်ငွေစာရင်းသို့ FEC ၅၅၄၉၆ နှင့် ငွေကျပ် ၁၉၆၈ ဒသမ ၅၈ သိန်း ပေးသွင်းနိုင်ခဲ့သည်။ ထို့နောက် မန္တလေးနို့ချက်စက်ရုံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ယာယီရပ်နားခဲ့ကြောင်း သိရသည်။

ပြန်လည် လည်ပတ်ထုတ်လုပ်နိုင်ရေး

ယခုအခါ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် မန္တလေးနို့ချက်စက်ရုံကို ပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သည့် ပစ္စည်းကိရိယာများကို ပြည်တွင်း/ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ သွင်းကုန်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး ဝယ်ယူရရှိရေးတို့ကို ဆောင်ရွက်ခဲ့ရာ ငွေကျပ် ၁၇၉၈ ဒသမ ၄၁ သိန်းကို ရင်းနှီးမြှုပ်နှံထားသည်။ ယခုအခါ စက်ရုံသန့်ရှင်းရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေးတို့အတွက် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး စက်ရုံပြန်လည် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

နို့ဆီစမ်းသပ်ချက်လုပ်မှုကို သုံးကြိမ်ဆောင်ရွက်ရာ ၉၂ ဒသမ ၃၃ ရာခိုင်နှုန်း အောင်မြင်ခဲ့ပြီး ၂၀၂၂ ခုနှစ် မေလကုန်တွင် စက်ရုံပြန်လည် လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ရာ မန္တလေးနို့ချက်စက်ရုံကို မကြာမီ ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

မန္တလေးနို့ချက်စက်ရုံမှ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ပြီး စက်ရုံအား အမြန်ပြန်လည်လည်ပတ်နိုင်ပါက စျေးနှုန်းသက်သာပြီး သန့်ရှင်းသော ပြည်တွင်းထုတ် နို့ဆီဘူးများ၊ နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်သူလူထုထံ ဖြန့်ဝေနိုင်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံစေရေး ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အကျိုးကျေးဇူးများစွာရရှိနိုင်

ထို့ကြောင့် မန္တလေးနို့ချက်စက်ရုံကို ပြန်လည်လည်ပတ်ပြီး နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခြင်းအားဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်း၊ နို့စားနွားမွေးမြူသူများအနေဖြင့်လည်း နွားနို့ရောင်းချရန် စျေးကွက်တစ်ခုတိုးလာခြင်း၊ သမဝါယမအသင်းများနှင့် လက်တွဲပူးပေါင်း ရောင်းချမည်ဖြစ်သည့်အတွက် စျေးနှုန်းတည်ငြိမ်မှုရှိခြင်း၊ ပြည်တွင်းစျေးကွက်တွင် ပြည်ပသွင်းကုန်များ နေရာယူထားမှုကို အထိုက်အလျောက် အစားထိုးဖြေလျှော့ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အနေဖြင့် မန္တလေးနို့ချက်စက်ရုံကို ပြန်လည်လည်ပတ်ထုတ်လုပ်သည့် အချိန်တွင် စိတ်ပါဝင်စားသူလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မန္တလေး နို့ချက်စက်ရုံလုပ်ငန်းသည် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံစေရေးတို့တွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

- **၂၀၂၂ ခုနှစ် မေလကုန်တွင် စက်ရုံပြန်လည် လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ရာ မန္တလေးနို့ချက်စက်ရုံကို မကြာမီ ပြန်လည်ဖွင့်လှစ်နိုင်တော့မည်**
- **မန္တလေးနို့ချက်စက်ရုံအား ပြန်လည်လည်ပတ်ထုတ်လုပ်သည့်အချိန်တွင် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ ၁၆ မှ

ကျွန်တော်တို့အစည်းအဝေးတွင် ဘူတန်နိုင်ငံမှ ကိုယ်စားလှယ်က "တို့နိုင်ငံမှာ အစားအစာတင်သွင်းရင် ဘေးအန္တရာယ်မရှိဖို့ (Food Safety) ကို သေသေချာချာ စစ်ဆေးတယ်" ဟု ဆိုခဲ့၏။

ဘေးဥပဒ်ကင်းစင်သည့် အစားအသောက် ထုတ်ကုန်များ

ကျွန်တော်တို့နိုင်ငံမှာလည်း အစားအစာနှင့် ဆေးဝါးဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ကျန်းမာရေးဌာနက ပြဋ္ဌာန်းထားပါသည်။ တစ်ဖက်မှာလည်း သီးနှံထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူများအတွက် စည်းကမ်းဥပဒေများရှိပါသည်။ သို့သော် ပြည်ပမှတင်သွင်းလာသော သစ်သီးသစ်နှံများအတွက် စနစ်တကျတိတိကျကျ စစ်ဆေးရန်ကား အခက်အခဲများစွာ ရှိလေသည်။

"အရည်အသွေး ကောင်းမွန်သည့်အပြင် ဘေးဥပဒ်ကင်းစင်သည့် အစားအသောက် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရန်လို" ဟူသော ခေါင်းစဉ်ဖြင့် ၂၀၂၂ ဧပြီလ ၂၇ ရက်တွင် ပြုလုပ်သည့် "အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ" မိတ်ဆက်ခြင်းနှင့် ဖြန့်ဝေခြင်း အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားကြောင်း သတင်းကို သတင်းစာများတွင် ဖတ်လိုက်ရသည်။

"National Food Safety Policy" တစ်ခု မြန်မာနိုင်ငံတွင် ပီပီပြင်ပြင်တွေ့မြင်ရလေပြီ။

စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ ရောင်းချသူတို့၏ အားပြုရာ မူဝါဒဖြင့် နိုင်ငံတော်အစိုးရက စောင့်ရှောက်ပေးနိုင်ခြင်းကား ကောင်းလေစွ။ ။

ရွှေတံဆိပ်များနှင့် အားကစားမျှော်လင့်ချက်

ဇင်ငြိမ်း

ဗီယက်နမ်နိုင်ငံမှာ ကျင်းပနေတဲ့ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ မြန်မာအားကစားအသင်းတွေအနေနဲ့ အောင်မြင်မှုတွေရနေတာတွေ့ရပါတယ်။ မေ ၂၂ ရက်နေ့အထိ မြန်မာနိုင်ငံက ရွှေ ၉ ခု၊ ငွေ ၁၈ ခု၊ ကြေး ၃၅ ခု၊ ဆုတံဆိပ်ပေါင်း ၆၂ ခု ရပြီးပါပြီ။ နိုင်ငံအလိုက် အဆင့်မှာတော့ ပြိုင်ပွဲဝင် ၁၁ နိုင်ငံမှာ မြန်မာနိုင်ငံက အဆင့်(၇)မှာ ရှိနေပါတယ်။ ယခင်ဆီးဂိမ်းထက် ရွှေတံဆိပ်တွေ ပိုရလာတာတွေ့ရပါတယ်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများအား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။

အိမ်ရှင်ဗီယက်နမ်နိုင်ငံကတော့ နိုင်ငံအလိုက် ပထမအဆင့်မှာ ရှိနေပါတယ်။ အားကစားပြိုင်ပွဲ ရဲ့သဘောက ပွဲပြီးခရာမှတ်မှ အနိုင်အရှုံးရလဒ်က အတည်ဖြစ်တာဆိုတော့ ပွဲပြီးခရာမမှတ်သရွေ့ တော့ လူအင်အား၊ စိတ်ခွန်အားအပြည့်နဲ့ ကြိုးစားကြရတာဖြစ်ပါတယ်။ ပန်းတိုင်မရောက်ခင် တက်မထောင်နိုင်သေးပါဘူး။ အခုလို နိုင်ငံအတွက် ကြိုးစားယှဉ်ပြိုင်နေကြတဲ့ အားကစားသမားတွေကိုလည်း ဒီနေရာကနေ ဂုဏ်ပြုလိုပါတယ်။

အားပေးမှုက ခွန်အားဖြစ်စေ

အားကစားပြိုင်ပွဲဆိုတာက ဘေးကကြည့်နေသူ၊ အားပေးနေသူတွေက နိုင်စေချင်၊ ဆုတွေရစေချင်သလို တကယ်ဝင်ရောက်ယှဉ်ပြိုင်နေသူတွေကလည်း နိုင်ချင်၊ ဆုတွေ ရချင်သူတွေချည်းပါပဲ။ ဒီလိုပဲ တာဝန်ရှိသူတွေကလည်း နိုင်စေချင်တာချည်းပါပဲ။ နိုင်စေချင်လို့ ဝိုင်းဝန်းနေကြတာပါ။ ဝင်ရောက်ယှဉ်ပြိုင်နေတဲ့ အားကစားသမားတွေကို ကျန်တဲ့သူတွေက စိတ်ရော၊ ကိုယ်ရော အားပေးကြလို့ အားကစားသမားတွေကို စိတ်ခွန်အားတွေ ရရှိစေပါတယ်။ ဘောလုံးပြိုင်ပွဲမှာ ပြောသလိုပဲ အားပေးတဲ့ ပရိသတ်ဟာ ၁၂ ယောက်မြောက် ကစားသမား ဖြစ်လာသလိုပေါ့။ ပရိသတ်က ဝင်မကန်ရပေမယ့် အားပေးမှုက ခွန်အားဖြစ်စေတဲ့ သဘောပါပဲ။

အားကစားက ကြည့်ရတာ၊ ပြောရတာ လွယ်သလောက် လုပ်ရအတော်ခက်ခဲတဲ့ အလုပ်ပါ။ ကိုယ်ခန္ဓာစွမ်းရည်၊ စိတ်စွမ်းရည်နဲ့ နည်းစနစ်တွေ အများကြီးလိုအပ်တာပါ။ ကိုယ်ခန္ဓာစွမ်းရည် ဘယ်လောက်ပြည့်ပြည့် စိတ်ဓာတ်ပျော့နေရင်၊ နိုင်လိုစိတ် မပြင်းပြပြန်ရင်လည်း ပြိုင်ဘက်ကို အနိုင်ယူဖို့ခက်ပါတယ်။ ဘောလုံးနည်းပြတစ် ယောက်ပြောသလိုပါပဲ၊ ဘောလုံးပွဲအောင်နိုင်ဖို့ နိုင်ပွဲရလိုစိတ်၊ စိတ်ပိုင်းဆိုင်ရာတည်ငြိမ်မှု၊ ဦးဆောင်မောင်းနှင်နိုင်စွမ်း၊ ပေါက်ကွဲနှုန်း၊ ကျားကုတ်ကျားခဲကစားတာ၊ ပွဲအခြေအနေကို သုံးသပ်နိုင်စွမ်း၊ ဆုံးဖြတ်နိုင်စွမ်းတွေ လိုတယ်လို့ ဆိုပါတယ်။ ဒါကိုကြည့်ရင် ထူးချွန်ထက်မြက်တဲ့ အားကစားသမားကောင်း တစ်ယောက်ဖြစ်ဖို့ အဘက်ဘက်က လိုအပ်တယ်ဆိုတာ တွေ့ရပါတယ်။

ဒီလိုပဲ ကိုယ်ခန္ဓာနဲ့ စိတ်စွမ်းရည်ပြည့်နေပေမယ့် ပြိုင်ဘက်က ကိုယ့်ထက်နည်းစနစ်ပိုင်းကောင်းနေရင်လည်း အနိုင်ရဖို့ခက်ခဲပါတယ်။ ခေတ်မီတဲ့အချိန်မှာ နည်းစနစ်တွေက ပိုပိုပြီးကောင်းလာကြလို့ သူများထက်သာဖို့ဆိုရင် နည်းစနစ်ပိုင်း လိုအပ်ချက်ကလည်း အရေးပါနေပါတယ်။ အဲဒီလိုပြည့်စုံဖို့အတွက် လေ့ကျင့်ဖို့အချိန် အလုံအလောက်ပေးရပြန်ပါတယ်။ အားကစားနည်းတစ်ရပ် အောင်ပွဲရဖို့ပြောရရင်တော့ အများကြီးပါပဲ။ လူရွေးချယ်တာနဲ့ နေထိုင်စားသောက်မှုကအစ စီမံအုပ်ချုပ်မှုအဆုံး ဟန်ချက်ညီဖို့ လိုပါတယ်။ နောက်ဆုံး ကံတရားရဲ့ဖေးမမှုတောင် လိုအပ်တာပါ။

ဒီလို အခက်အခဲတွေကြားက နိုင်ငံတကာ အားကစားပြိုင်ပွဲမှာ ဆုတွေရတိုင်း ရတိုင်း အားကစားသမားအတွက်ရော၊ နိုင်ငံအတွက်ပါ ဂုဏ်တက်ရပါတယ်။ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားနည်းဆိုပြီး အားလုံးက အသိအမှတ်ပြုဂုဏ်ယူကြပါတယ်။ မြန်မာ့အားကစားဟာ တစ်ချိန်က အရှေ့တောင်အာရှမှာသာမက အာရှအဆင့်အထိ ထိပ်တန်းရောက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ မြန်မာ့အားကစားရဲ့ အခြေအနေဟာ တဖြည်းဖြည်း ကျဆင်းလာခဲ့ပါတယ်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် ဆီးဂိမ်းမှာ ဆုတံဆိပ်ရရှိမှုအနေနဲ့ ရွှေ ၈၄ ခု၊ ငွေ ၆၃ ခု၊ ကြေး ၈၄ ခု စုစုပေါင်း ၂၃၁ ခုရရှိခဲ့ပါတယ်။ အရင်နှစ်တွေထက် စာရင်ပိုရလာပေမယ့် နိုင်ငံအဆင့်မှာ ဒုတိယအဆင့်အနေနဲ့ ကျေနပ်ခဲ့ရပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ပြန်လည်ကျဆင်းသွားခဲ့ပါတယ်။ အောင်မြင်မှုကို ရေရှည်မထိန်းနိုင်ခဲ့ပါဘူး။ အောင်မြင်မှုကို ရေရှည်ထိန်းနိုင်ဖို့ဆိုရင် ပြင်ဆင်ရမယ့်အချက်တွေကို ပြင်ဆင်ကြရမှာပါ။

အားကစားဆိုတာကလည်း အခြားနယ်ပယ်တွေလိုပါပဲ။ အခုရေတွင်းတူး အခုရေကြည်သောက်လို့ရတာ မဟုတ်ပါဘူး။ အချိန်၊ ငွေ၊ နည်းစနစ်၊ အထောက်အကူ ပစ္စည်း၊ လူသားရင်းမြစ်၊ စီမံခန့်ခွဲမှု စတာတွေနဲ့ တည်ဆောက်ယူရတာပါ။ ဒါပေမယ့် ခုနကပြောတဲ့ လိုအပ်ချက်တွေ မပြည့်စုံပေမယ့် ထူးချွန်တဲ့ အားကစားသမားကောင်းတွေ မွေးထုတ်နိုင်တဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ နည်းတော့ နည်းတာပေါ့။ မြန်မာနိုင်ငံမှာ အားကစားသမားကောင်းတွေ မွေးထုတ်ပေးဖို့အတွက် အားကစားသိပ္ပံကျောင်း လေးကျောင်း ဖွင့်လှစ်ထားတာရှိပါတယ်။

အားကစားကိုအထူးပြုတဲ့ လူသားရင်းမြစ်တွေ မွေးထုတ်ပေးနိုင်တာနဲ့အမျှ အားကစားသမားကောင်းပေါ်ထွက်ဖို့ အခွင့်အလမ်းကောင်းတွေ ရလာမှာပါ။ တစ်ပြိုင်နက်တည်းမှာပဲ အားကစားကျောင်းတွေက လူသားရင်းမြစ်တွေ မွေးထုတ်ပေးသလို အခြားထူးချွန်ထက်မြက်တဲ့ အားကစားသမားတွေကို စုဆောင်းဖို့ လိုအပ်ပါတယ်။ အချို့ဟာ အားကစားကို ဝါသနာပါပေမယ့် ဥပမာ ပညာရေးကို ဦးစားပေးလိုက်ရလို့၊ စီးပွားရေးကို ဦးစားပေးလိုက်ရလို့ အားကစားလောကကို ရောက်မလာနိုင်သူများ ရှိနေပါတယ်။

အောင်မြင်မှုကို ရေရှည်ထိန်းနိုင်ဖို့

အခုဆို ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်တွေ၊ ငွေတံဆိပ်တွေ၊ ကြေးတံဆိပ်တွေရတယ်ဆိုတော့ နောင်လာမယ့် ဆီးဂိမ်းအတွက် ခွန်အားတွေ ဖြစ်စေပါတယ်။ အခုလို ဆုတံဆိပ်တွေ ရလာတာနဲ့အမျှ အားကစားမျှော်လင့်ချက်တွေလည်း ပြန်လည်နိုးထလာပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် အကြိမ် (၃၀) မြောက်ဆီးဂိမ်းမှာ မြန်မာက ရွှေ ၄ ခု၊ ငွေ ၁၈ ခု၊ ကြေး ၅၁ ခု စုစုပေါင်း ဆုတံဆိပ် ၇၃ ခုနဲ့ နိုင်ငံအလိုက် အဆင့် (၇) ရရှိခဲ့ပါတယ်။ (၃၁) ကြိမ်မြောက်မှာတော့ ဒီနေ့အထိဆုရတာနဲ့နှိုင်းယှဉ်ရင် ရွှေတံဆိပ် ၅ ခု ပိုရလာပါတယ်။ ငွေရရှိမှုက အတူတူပဲဖြစ်ပြီး ကြေးမှာတော့ ၁၆ ခု နည်းပါတယ်။ ဆီးဂိမ်းအလိုက် ရွှေတံဆိပ်ရရှိမှုတွေအနေနဲ့ ဆိုရင် ၂၀၁၁ ခုနှစ်က ရွှေ ၁၆ ခု၊ ၂၀၁၃ မှာ ၈၄ ခု၊ ၂၀၁၅ မှာ ၁၂ ခု၊ ၂၀၁၇ မှာ ၇ ခု၊ ၂၀၁၉ မှာ ၄ ခု ရရှိတာ တွေ့ရပါတယ်။ အိမ်ရှင်အဖြစ် ကျင်းပတဲ့ နှစ်ကလွဲလို့ နောက်ပိုင်းမှာ ရွှေရရှိမှုကျဆင်း လာတာတွေ့ရပါတယ်။ အခု ၂၀၂၂ ခုနှစ်မှာတော့ ရွှေရရှိမှုကဒီကနေ့အထိ ၉ ခု ရထားပြီးပါပြီ။ ဒီတော့ အဖြေက နောက်လာမယ့် ဆီးဂိမ်းမှာ ရွှေပိုရရှိဖို့နဲ့ အောင်မြင်မှုကို ရေရှည်ထိန်းနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ရွှေတံဆိပ်ပိုရလာရင် နိုင်ငံအလိုက်မှာ လည်း အဆင့်တက်လာမှာပါ။

၂၀၂၂ ခုနှစ် ဆီးဂိမ်းမှာ ရွှေတံဆိပ်တွေ ပိုရလာခြင်းဟာ အားကစားတစ်ခေတ် ပြန်လည် ဆန်းသစ်ဖို့ မျှော်လင့်မိပါတယ်။ ယခင်က ဆီးဂိမ်းပြိုင်ပွဲတွေမှာ အောင်မြင်ခဲ့တဲ့ မြန်မာ့အားကစား ရွေခေတ်ကလို အောင်ပွဲမျိုး နိုင်ငံသားတိုင်း တောင့်တနေကြပါတယ်။ အားကစားသမားကောင်းတွေပေါ်ထွက်ဖို့၊ အားကစားလောက အောင်မြင်ဖို့ဆိုရင် ပြည်တွင်းပြိုင်ပွဲတွေ၊ နိုင်ငံတကာပြိုင်ပွဲတွေ များများယှဉ်ပြိုင်ဖို့ကလည်း အရေးပါပါတယ်။ အရင်ကတော့ ကျောင်းကစားပွဲ၊ ကျောင်းသားအားကစားပွဲတော်၊ တိုင်းနဲ့ ပြည်နယ်ပြိုင်ပွဲ၊ ခရိုင်/မြို့နယ်ပြိုင်ပွဲတွေကနေ အားကစားသမားကောင်းတွေ ထွက်ပေါ်ခဲ့ဖူးပါတယ်။

နိုင်ငံအနှံ့မှာရှိတဲ့ ပင်ကိုဗီဇကောင်းတဲ့ အားကစားသမားတွေ ရွေးချယ်နိုင်ဖို့ကလည်း အရေးပါတဲ့လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာကျော်နေတဲ့ ဘောလုံးသမားတွေထဲမှာ အားကစားအကယ်ဒမီတွေက မွေးထုတ်တာထက် ဗီဇကောင်းလို့ ပြုစုပျိုးထောင်ပေးရင် အောင်မြင်လာကြတာတွေ့ရပါတယ်။ ဆိုလိုချင်တာက နိုင်ငံအနှံ့မှာ ဗီဇကောင်းတဲ့ အားကစားသမားတွေ ရှိနေတယ်ဆိုတာပါ။

မျှော်လင့်ချက်တွေပြန်လည်ရှင်သန်ဖို့

မြန်မာ့အားကစားအောင်မြင်မှုမျှော်လင့်ချက်တွေပြန်လည်ရှင်သန်ဖို့ အထက်မှာဆိုခဲ့တဲ့ လိုအပ်ချက်တွေ ဟန်ချက်ညီဖြစ်ဖို့လိုပါလိမ့်မယ်။ အားကစားယှဉ်ပြိုင်မှုကို တစ်ပွဲတိုး ရှုမြင်လို့မရဘဲ ရေရှည်တည်ဆောက်ရတဲ့ လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။ အာဆီယံအဆင့်မှာပဲ နှိုင်းယှဉ်ကြည့်နိုင်တဲ့ နိုင်ငံတွေရှိပါတယ်။ ကမ္ဘာ့အဆင့် တက်လှမ်းဖို့ဆိုရင် အဆပေါင်းများစွာ ကြိုးစားကြရဦးမှာပါ။ ဘောလုံးအားကစားဆိုရင် မြန်မာလူထုရဲ့အသည်းစွဲ အားကစားတစ်ခုပါ။ အမျိုးသမီး ဘောလုံးအသင်းအနေနဲ့ အကြိုဗိုလ်လုပွဲ တက်ရောက်လို့ နိုင်ငံတော်က အမေရိကန်ဒေါ်လာ တစ်သိန်း ထပ်ဆောင်းချီးမြှင့်တာ တွေ့ရပါတယ်။ အားကစားပြိုင်ပွဲတွေဟာ နိုင်ငံဂုဏ်ဆောင်ဖြစ်တာမို့ နိုင်ငံတိုင်းကလည်း သူ့အတိုင်းအတာနဲ့သူ ကြိုးစားနေကြပါတယ်။

နိုင်ငံတိုင်းလိုလိုက ကြိုးစားနေကြချိန်မှာ မကြိုးစားတဲ့နိုင်ငံကတော့ နောက်ကျကျန်ခဲ့မှာပါပဲ။ ဒီတော့ ဗိုလ်ချုပ်အောင်ဆန်း ပြောသလိုပါပဲ။ သူများခြေတစ်လှမ်းလှမ်းတဲ့အချိန်မှာ ကိုယ်က ၁၀ လှမ်းလောက်လှမ်းနိုင်ဖို့ကြိုးစားမှ တန်ရာကျပါလိမ့်မယ်။ နောက်ပြီး ထည့်သွင်းစဉ်းစားရမှာက အားကစားသမားတွေရဲ့ ဘဝရပ်တည်မှုပါ။ အားကစားသမားတွေ အားကစားမှာပဲ တစိုက်မတ်မတ် ရပ်တည်ဖို့ဆိုရင် လုံလောက်တဲ့ဝင်ငွေ၊ လစာရှိမှ ဖြစ်မှာပါ။ ဘဝရပ်တည်ရေး စိတ်ချရမှ အားကစားကို တစိုက်မတ်မတ် အာရုံစိုက်လုပ်နိုင်မှာပါ။ နည်းပြ ပိုင်းမှာဆိုရင်လည်း ဒေသတွင်း အဆင့်မီတဲ့ နည်းပြတွေ၊ နိုင်ငံတကာအဆင့်မီတဲ့ နည်းပြတွေ၊ နိုင်ငံတကာအဆင့်မီတဲ့ နည်းပြတွေရှိမှ နည်းစနစ်ပိုင်း၊ လေ့ကျင့်မှုအပိုင်း တိုးတက်လာမှာဖြစ်ပါတယ်။

အားကစားသမားမွေးထုတ်ရေး

အခုဆိုရင် ဝန်ကြီးဌာနကိုလည်း ပြင်ဆင်ဖွဲ့စည်းထားပါတယ်။ အားကစားနဲ့ ကျန်းမာရေးဝန်ကြီးဌာနကနေ အားကစားနဲ့လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ဒါဟာ အားကစားဆိုင်ရာလုပ်ငန်းတွေကို အဓိကထားလုပ်ဆောင်နိုင်မယ်၊ လူငယ်ကဏ္ဍကို ပိုမိုမြှင့်တင်ပေးနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ ဘဏ္ဍာရေးကိုလည်း အားကစားရည်မှန်းချက်တွေနဲ့အညီ ခွင့်ပြုချထားပေးမယ်ဆိုရင် နှစ်အလိုက် ရည်မှန်းချက်တွေကို အကောင်အထည်ဖော်နိုင်မှာပါ။ အားကစားသိပ္ပံ ကျောင်းတွေဖွင့်ထားပေမယ့် နိုင်ငံအတွက်အားထားရတဲ့ အားကစားသမားကောင်းတွေ ဘယ်လောက်မွေးထုတ်နိုင်လဲဆိုတာကိုလည်း ပြန်လည်ဆန်းစစ်ကြည့်ရမှာပါ။ ဒါမှသာ အားကစားသမားမွေးထုတ်ရေးရဲ့ ထိရောက်မှုကို သိရှိနိုင်မှာ ဖြစ်ပါတယ်။

အထူးသဖြင့် နိုင်ငံရဲ့အခက်အခဲကာလတွေ ကြားက အခုဆို ရွှေတံဆိပ်ရရှိတာ ပိုပြီးကျေနပ်စရာ ဖြစ်ပါတယ်။ ဒီလိုရွှေတံဆိပ်ရရှိမှုတွေက မြန်မာ့အားကစား အောင်မြင်မှုလမ်းကြောင်းပေါ် ပြန်လည်ပို့ဆောင်ပေးမယ်လို့ မျှော်လင့်မိပါတယ်။ အောင်မြင်မှုတွေကို ရေရှည်ဆက်လက်ထိန်းသိမ်းနိုင်စေဖို့ လည်း မျှော်လင့်မိပါတယ်။ ။

● အားကစားဆိုတာကလည်း အခြားနယ်ပယ်တွေလိုပါပဲ။ အခုရေတွင်းတူး အခုရေကြည်သောက်လို့ရတာ မဟုတ်ပါဘူး။ အချိန်၊ ငွေ၊ နည်းစနစ်၊ အထောက်အကူပစ္စည်း၊ လူသားရင်းမြစ်၊ စီမံခန့်ခွဲမှု စတာတွေနဲ့ တည်ဆောက်ယူရတာပါ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသားများ နေပြည်တော် MRTV တွင် လေ့လာ

နေပြည်တော် မေ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၂၈ ဦးတို့သည့် ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင် ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်း ပြသထားမှုများအပြင် ပင်မ အဆောက်အအုံအတွင်း ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သင်တန်းသား သင်တန်းသူများသည် ၎င်းတို့ဌာနတွင် ဖွင့်လှစ်သည့် E – Library Management System Software အသုံးပြုနည်း သင်တန်း (၁/၂၀၂၂)သို့ တက်ရောက်ခဲ့ကြပြီးနောက် သက်ဆိုင်ရာဒေသအသီးသီးသို့ ပြန်လည်မထွက်ခွာမီ MRTV သို့ လာရောက်ပြီး ရုပ်သံထုတ်လွှင့်မှုများကို လေ့လာကြခြင်းဖြစ်သည်။

သတင်းစဉ်

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၅ - ၂၀၂၂

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၂၀၅၂၅၀၀
ရန်ကုန်	၁၅ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၉၄၂၀၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၂၀၅၂၅၀၀
မန္တလေး	၁၅ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၉၄၂၀၀၀

(အောင်သမာဓိမှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၂၁၅ ကျပ်	၂၂၆၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၂၄၅ ကျပ်	၂၂၉၀ ကျပ်
အောက်တိန်း ၉၂	၂၁၁၀ ကျပ်	၂၁၆၅ ကျပ်
အောက်တိန်း ၉၅	၂၂၃၅ ကျပ်	၂၂၈၀ ကျပ်

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၈၅၀ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၁၉၈၄ . ၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၃၅၀ . ၇
ထိုင်း	တစ်ဘတ်	ကျပ်	၅၄ . ၁၅၇
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၄၅၅ . ၇
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၂၂ . ၄၇
တရုတ်	တစ်ယွမ်	ကျပ်	၂၇၅ . ၅၄
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၃ . ၈၂၅

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရယ်ယာစောင်ရေ	ရယ်ယာတန်ဖိုး (ကျပ်)
FMI	၇၆၀၀	၇၆၀၀	၃၃	၂၅၀၆၀၀
MTSH	၂၆၅၀	၂၇၀၀	၆၂၅	၁၆၇၉၀၀၀
MCB	၀	၀	၀	၀
FPB	၁၇၅၀၀	၁၇၅၀၀	၄၂	၇၃၅၀၀၀
TMH	၀	၀	၀	၀
EFR	၂၅၅၀	၂၅၅၀	၁	၂၅၅၀
AHP	၅၀၀၀	၅၀၀၀	၂၀	၁၀၀၀၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ ဗီမံ ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၅၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၅-၂၀၂၂ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ရတနာသုတ်၊ဟောရွှင်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀۷:၀၀ နံနက်ခင်းသတင်း
၀۸:၃၅ ဒီမိုကရေစီဆိုရာ၀ယ်
၀۹:၃၀ နေ၀င်ဥပါသထသီလခံယူဆောက်တည်ခြင်း
၀۹:၃۵ တရုတ်ကာတွန်း
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၀ Music Gallery-1 ဝေးဂီတဇျော်ဇေပြွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၁:۵۹ အသိပညာနှင့်အမှန်တရား
၁၂:၀၀ MRTV National News
၁۴:၀၀ မြန်မာဂန္ဓ၀င်ရုပ်ရှင် **'သာလောင်နဲ့ပြာလောင်'**
၁۷:၃۹ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁۸:၃၀ ကမ္ဘာ့အဝေးအနှစ်စာရင်း၀င်ဗိသုဓိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ
၁۹:၀၀ ပြည်တွင်းသတင်း
၁۹:၃၀ သုတ၀ေဖြာသိရိဂေဟာ
၂၀:၃۹ နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရား၏ ရှိန်ပူ၀ှက်ချက်'** (အပိုင်း-၉၃)
၂۱:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေ၀သအခြေအနေ
၂۲:၀၀ ဘ၀နှင့်အနုပညာ
၂۳:၂၀ မြန်မာဗီဒီယိုဇာတ်လမ်း 'ဂျင်'

mitv

07:02 Evergreen Classic: Aung Zay Paing Zay
07:08 Great Shwedagon - The Prayer Halls And Buddha Images (Part-2)
07:34 Myanmar Cultural Identities (Hintha or Hamsa)
08:01 Myanmar Social & Charitable Association (Ep-1) Mingalar Byuhar
08:26 Today Myanmar: Save The Palms
08:44 The Recycle Art: Tyre
09:01 News
09:27 Global Partnership for Brighter Future: Trinidad and Tobago Pavilion at Expo 2020 Dubai
09:33 Insight Myanmar: Manuscription (Epi-4) Women Role & Myanmar Literature
09:48 Next Generation "Bon Bon" Drummer
10:01 Choral Dance (Duel)

MRTV NRC

အနောက်ပိုးကရင် (၀۷:၀၀ မှ ၀۸:၀၀) ထီလာပုဝ်
အရှေ့ပိုးကရင် (၀۸:၀၀ မှ ၀۹:၀၀) နည်းပန်စိုက်ပျိုးဝင်ငွေတိုးသွားစိုက်ပျိုးနည်း
ချင်း (လိုင်စိုး) (၀۹:၀၀ မှ ၀۹:၃၀) ဂင်ဂခါးသီးနှင့်ကျန်းမာရေး
ချင်း (ချိုး) (၀۹:၃၀ မှ ၁၀:၀၀) 'ဝ'ဥစိုက်ပျိုးခြင်း
မွန် (၁၀:၀၀ မှ ၁၂:၀၀) ဒူးရင်းသီးဓါတုကျန်းမာရေးအကျိုးကျေးဇူး
ဂျိုင် (၁၂:၀၀ မှ ၁၄:၀၀) ကျောက်ရိုးတော်ဓာတ်ဧစတီ
ရှမ်း (၁۴:၀၀ မှ ၁۶:၀၀) ရှမ်းဒါဂ်ဆွဲချက်နည်း
၀ (၁۶:၀၀ မှ ၁۸:၀၀) ဝါးကြက်သားမီးကင်ပြုလုပ်နည်း
ကချင် (၁۸:၀၀ မှ ၂၀:၀၀) ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း
ကယား (၂၀:၀၀ မှ ၂၂:၀၀) အလှဖြာ၀ေ၀ွေတောင်ပြည်
၀ေကကရင် (၂၂:၀၀ မှ ၂၃:၀၀) သင်ယူလေ့လာတို့ရိုစာ(အပိုင်း-၈)

MRTV NEWS

၀۶:၀၀ အဖွင့်၊တေးသီချင်း
၀۶:۴၀ အားကစားသတင်း
၀۹:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၀:၁۹ တားဆီးကာကွယ်မီဒီယာအဆိပ်သင့်မှု အန္တရာယ်
၁၀:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၀၀ MRTV National News
၁۴:၃၀ နိုင်ငံတကာသတင်း (LIVE)
၁۹:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀۹:၀၀ အဖွင့်၊အလံ
၀۹:၃၀ ဥပဒေရေးရာအဖြာဖြာဓာတ်လမ်းတို **'လင်နှဲ့မယားလျှာနဲ့သွားဆိုင်ပမယ်'**
၁၀:၀၀ ပြည်ထောင်စုလွှေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာလွှေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ) (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

MRTV FARMERS

၀۶:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀۶:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀۶:၂۹ အနာဂတ်မျှော်မှန်းလို့ရယ် နစ်ရှည်သီးနှံ စိုက်ကြမယ်
၀۷:۴۹ မွေးမြူရေးရာ အဖြာဖြာ
၀۹:၁۹ ရေရှည်တည်တံ့သောပဲတီဖိမ်းစိုက်ပျိုး ထုတ်လုပ်ခြင်း
၀۹:۴၀ ရေကိုချွေတာသုံးစွဲခြင်းနည်းပညာ

MRTV SPORTS

၀۶:၀၀ အဖွင့်
၀۶:၃၀ အခြေခံအားကစားနည်းစနစ်များ
၀۷:၀၀ Sports News
၀۷:၃၀ Soccer View/ Weekly Sports Info
၀۷:۴۹ အားကစားလောကထဲက သူတို့အကြောင်း
၀۸:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိ(ဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဇနဝါရီနှစ်က (၉၀၀)နာရီမှ တစ်ကြိမ်ခံလျှင် (၇)နာရီ (၆)ကြိမ်မှန်း (၂၅)နာရီထုတ်လွှင့်ပြီးသမေးလျက်ရှိပါသည်၊

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

မိုးရာသီတွင် စပါး-ငါး တွဲဖက်မွေးမြူခြင်း၏ အကျိုးကျေးဇူးများ

— ပင်လယ်ပြာ(ငါးဦးစီး) —

"စပါး"ကရွှေ ငါးကငွေ၊ လယ်ယာသားငါး ပြည့်စီးပွား" ဟူသော ဆောင်ပုဒ်အတိုင်း စပါးစိုက်ခင်းများအတွင်း ငါးသားပေါက်များ ထည့်သွင်းမွေးမြူကြခြင်းကို လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ ခန့်က အိန္ဒိယနိုင်ငံမှ စတင်ခဲ့ကြောင်း သိရသည်။

စပါးစိုက်ပျိုးသည့်လယ်ကွင်းများ ရေလျှောချိန်တွင် လယ်ကန်သင်းပေါက်၌ မြှုံးများခံ၍ ငါးဖမ်းယူခြင်းသည် မိရိုးဖလာငါးဖမ်းနည်းတစ်ခု ဖြစ်ပါသည်။ ဤနည်းဖြင့် လယ် တစ်ဧကလျှင် ငါးရံ့၊ ငါးခူ၊ ငါးပြေမ၊ ပုစွန် အစရှိသည့် ဟင်းစားငါး၊ ပုစွန် ငါးပိသာခန့် ရတတ်ပါသည်။

ဤနည်းကို အခြေခံ၍ စပါးစိုက်ခင်းများအတွင်း စနစ်တကျ ငါးသားပေါက်များ ထည့်သွင်းမွေးမြူလျှင် လယ်စိုက်သိမ်းချိန်မတိုင်မီအတွင်း ငါးပိသာချိန် (၂၅-၅၀) ပိသာအထိ ရရှိနိုင်မည်ဖြစ်ပါသည်။

ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးမှု

စပါးစိုက်ခင်းများအတွင်း ငါးမွေးမြူခြင်းသည် အစာပို၊ လူပိုမလိုဘဲ လယ်ကွင်းတစ်နေရာတည်းမှာပင် ရိက္ခာစပါးနှင့် ဟင်းလျှာငါးပါ တစ်ထိုင်တည်း၊ တစ်ပြိုင်တည်းရရှိနိုင်သည့်အတွက် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုရာလည်း ရောက်ပါသည်။

မြန်မာနိုင်ငံနှင့် အလားတူဆန်စားသုံးသော နိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများဖြစ်ကြသော ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်စသည့်နိုင်ငံများတွင် စပါးခင်းများအတွင်း ငါးထည့်သွင်းမွေးမြူခြင်းကို လယ်သမားများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း စပါးနှင့်ငါးကို တွင်တွင်ကျယ်ကျယ် တွဲဖက်မွေးမြူ၍ရအောင် မွေးမြူနည်းကိုပါ ဖော်ပြပေးလိုက်ပါသည်။

စပါးစိုက်ခင်းအတွင်း
ငါးထည့်သွင်းမွေးမြူနည်း

၁။ မြေပြန့်လယ်ကွင်းများကို ရွေးချယ်ပါ။

၂။ လယ်ကွင်းအတွင်း ရေအနက် ၁ ဒသမ ၅ ပေ ထားနိုင်ရန် ကန်သင်းပေါင်းကို မြှင့်ပေးပါ။

၃။ ငါးခိုအောင်းရန် အနက် တစ်ပေ၊ အကျယ် ၁ ဒသမ ၅ ပေရှိ ကန်သင်းပတ်လည် မြောင်းတူးပါ။ ထွက်လာသည့်မြေဖြင့် ပေါင်ဖို့ပါ။

၄။ ကန်သင်းတွင် ရေသွင်း၊ ရေထုတ်နိုင်ရန် မြောင်း (သို့မဟုတ်) ပိုက် တပ်ဆင်ထားပါ။

၅။ စပါးစိုက်ခင်း တစ်ဧကလျှင် ၂-၃ လက်မအရွယ် (ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငါးခုံးမကြီး၊ ငါးခူ) သားပေါက်ကောင်ရေ ၁၀၀၀ မှ ၁၂၀၀ နှုန်း ထည့်သွင်းမွေးမြူနိုင်သည်။

၆။ မွေးမြူရေးသက်တမ်း ရက် ၆၀ မှ ၉၀ အတွင်း သဘာဝအစာဖြင့် ငါးများ ခြောက်ကျပ်သားခန့် ကြီးထွားလာမည်။

၇။ အထက်ပါအတိုင်းဆောင်ရွက်ပါက စပါးစိုက်ခင်း တစ်ဧကလျှင် မွေးမြူရေးငါး အချိန် (၂၅-၅၀) ပိသာအထိ ထွက်ရှိနိုင်ပါသည်။

၈။ သို့ပါ၍ မိုးရာသီစပါးစိုက်ချိန်တွင် စပါးခင်းအတွင်း ငါးများထည့်သွင်းမွေးမြူနိုင်ပါသည်။ သို့မှသာ "စပါးလည်းသီး ငါးလည်းကြီး"ဆိုသလို ဖြစ်ပေမည်။

အကျိုးကျေးဇူးများ

၁။ စိုက်ပျိုးရေးကိုအခြေခံ၍ ဝင်ငွေတိုးတက်စေသော လုပ်ငန်းဖြစ်သည်။

၂။ စပါးဖျက်ပိုးများကို ငါးများစားသုံးခြင်းကြောင့် ပိုးသတ်ဆေးသုံးစွဲရမှု လျော့နည်းလာစေသည်။

၃။ စပါးခင်းအတွင်း ရေညှိ၊ ရေမှော်များကို ငါးများ စားသုံးခြင်းကြောင့် သြဇာဓာတ်ပိုမိုရရှိသဖြင့် စပါးပင်ရှင်သန်မှုနှုန်း ပိုကောင်းလာပါသည်။

၄။ အစာကျွေးရန်မလိုဘဲ ငါးအစာဖိုး ကုန်ကျမှုမရှိပါ။

၅။ ငါးများစွန့်ထုတ်သည့်အညစ်အကြေးမှ သြဇာဓာတ်များရရှိပြီး စပါးအထွက်နှုန်းတိုးရန် အထောက်အကူပြုပါသည်။

၆။ လယ် တစ်ဧကလျှင် ငါးအချိန် (၂၅-၅၀) ပိသာ ထွက်ရှိနိုင်သည်။

၇။ စပါးခင်းမှ စပါးသာမက ငါးပါ အတူတကွ တစ်ချိန်တည်း၊ တစ်နေရာတည်း ထုတ်လုပ်လာနိုင်၍ လယ်သမားများ အသားဓာတ်ပိုမိုစားသုံးနိုင်ကြမည်။

၈။ ကျေးလက်ဒေသ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကို မလွဲမသွေ အထောက်အကူဖြစ်စေပါသည်။

ကူညီပံ့ပိုးမှုများ

၁။ စပါးစိုက်ခင်းများအတွင်း ထည့်သွင်းမွေးမြူမည့် (ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငါးခုံးမကြီးနှင့် ငါးခူ) သားပေါက်များကို ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ ငါးလုပ်ငန်းစခန်းများမှ ဖြန့်ဖြူးပေးပါသည်။

၂။ စပါးစိုက်ခင်းများအတွင်း ငါးထည့်သွင်းမွေးမြူထားသည့်ပညာပေးသရုပ်ပြစပါးစိုက်ခင်း (Rice–Fish Culture Demostration Farm) များကို လေ့လာနိုင်ရန် အောက်ပါစခန်းများ၌ ဆောင်ရွက်ထားပါသည်။

- **ရန်ကုန်တိုင်း** – **လေးခေါင့်ကန် ငါးလုပ်ငန်းစခန်း**
- **ပဲခူးတိုင်း** – **အုတ်ဖိုငါးလုပ်ငန်းစခန်း**
- **ဧရာဝတီတိုင်း** – **တလုပ်လှ/ပသွယ်ငါးလုပ်ငန်းစခန်း**
- **မွန်ပြည်နယ်** – **သထုံငါးလုပ်ငန်းစခန်း**
- **မန္တလေးတိုင်း** – **ရေဆင်း/ကူမဲ ငါးလုပ်ငန်းစခန်း**
- **စစ်ကိုင်းတိုင်း** – **ရေဦးငါးလုပ်ငန်းစခန်းတို့ ဖြစ်ကြသည်။**

၃။ စပါးခင်းများအတွင်း ငါးမွေးမြူခြင်းနှင့် ပတ်သက်သည့် နည်းပညာရပ်များ၊ ကျွမ်းကျင်မှုဆိုင်ရာပံ့ပိုးမှုများကို ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) မွေးမြူရေးဌာနခွဲနှင့် ပြည်နယ်/တိုင်း ငါးလုပ်ငန်းဦးစီးဌာနများက ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ လုပ်ငန်းဆောင်ရွက်မည့် မြေနှင့် ရေတို့၏ ရူပ၊ ဓာတုဆိုင်ရာအခြေအနေများကို စမ်းသပ်စစ်ဆေးပေးမည်ဖြစ်သည်။

စပါး-ငါး တွဲဖက်မွေးမြူခြင်း၏ အကျိုးကျေးဇူးများကို စပါးစိုက်တောင်သူများ သိရှိပြီး လိုက်နာကျင့်သုံးခြင်းဖြင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံနှင့်အလားတူ ဆန်စားသုံးသော နိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများဖြစ်ကြသော ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်စသည့် နိုင်ငံများတွင် စပါးခင်းများအတွင်း ငါးထည့်သွင်း မွေးမြူခြင်းကို လယ်သမားများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိသည်

မြန်အောင်မြို့၊ ကြံခင်းမြို့နှင့် အင်္ဂပူမြို့များရှိ နေကြာမျိုးစေ့ထုတ်တောင်သူများသို့ နေကြာမျိုးစေ့များ ပေးအပ်

နေပြည်တော် မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၊ ကြံခင်းမြို့နှင့် အင်္ဂပူမြို့များရှိ နေကြာမျိုးစေ့ထုတ်တောင်သူများသို့ မျိုးစေ့များကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်သုံးခုမှ တောင်သူများထံ မေ ၂၇ ရက်က ထောက်ပံ့ပေးအပ်သည်။

ကန်ဇွန်းခုံကျေးရွာအုပ်စု ကုန်တစ်လုံးကျေးရွာ၌ ပြုလုပ်သည့် နေကြာမျိုးစေ့များ ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မြန်အောင်မြို့၊ ကြံခင်းမြို့နှင့် အင်္ဂပူမြို့များရှိ နေကြာမျိုးစေ့ထုတ်တောင်သူများအား နေကြာမျိုးစေ့များပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မြန်အောင်မြို့၊ ကန်ဇွန်းခုံကျေးရွာအုပ်စု ရှမ်းကွင်းကျေးရွာရှိ ကန်ပေါ်ကုန်း၊ ကွင်းအမှတ် (၂/၃/၄)နှင့် အင်္ဂပူမြို့နယ် ရွာသာယာကျေးရွာအုပ်စု ရွာသာယာကျေးရွာ ရေငံကွင်း၌ နေကြာမျိုးစေ့ ထုတ်လုပ်ရန် ထွန်ယက်နေမှုများကို လိုက်လံကြည့်ရှုပြီး တောင်သူများအားတွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

ယခုနှစ်မိုးရာသီတွင် ကရင်ပြည်နယ်အတွင်း ငါးသားပေါက်ကောင်ရေ ၁၂ သိန်းကျော် မျိုးစိုက်ထည့်မည်

ဘားအံ၊ မေ ၂၈

ယခုနှစ်မိုးရာသီတွင် ကရင်ပြည်နယ်ရှိ သဘာဝရေပြင်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း ငါးသားပေါက်ကောင်ရေ ၁၂ သိန်းကျော်ကို မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း မေ ၂၇ ရက်က ဘားအံမြို့ ဘားကပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ပြုလုပ်သော ငါးမျိုးစိုက်ထည့်ပွဲမှ သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ရှင်သန်ပေါက်ပွားရန် အကောင်းဆုံးအရွယ်ရှိသည့် ငါးခုံးမကြီးသားပေါက် ကောင်ရေ နှစ်သိန်းကျော်ကို သံလွင်မြစ်အတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့သည်။

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုထိန်းသိမ်းပြီး ဒေသတွင်းငါးစားသုံးမှု ဖူလုံပိုလျှံရေးနှင့် ငါးသယံဇာတ ပေါကြွယ်ဝစေရေးအတွက် နှစ်စဉ် ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ ယခုနှစ်တွင် ရှင်သန်ပေါက်ပွားရန် အကောင်းဆုံးအရွယ်ရှိသော ငါးသားပေါက်ကောင်ရေ သုံးသိန်းကျော်ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီးကြောင်းနှင့် မိုးရာသီကာလအတွင်း ငါးသားပေါက်ကောင်ရေ ၁၂ သိန်းအထိ မျိုးစိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားကပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်၌ မြစ်ရေတင် အကျိုးပြုဇရိယာအတွင်း သီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်စဉ်။

ငဖဲမြို့နယ် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(နတ်ရေကန်)တွင် မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ကော်ဖီနှင့်အခြားအရိပ်ရပျိုးပင်ပေါင်း ၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိ

ငဖဲ၊ မေ ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(နတ်ရေကန်)၌ တောင်ပေါ်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ၂၀၂၂ ခုနှစ် မိုးရာသီတွင် သစ်ပင်များ စိုက်ပျိုးနိုင်ရန်အတွက် မဲခေါင်-လန်ချန်း အစီအစဉ်ဖြင့် ကော်ဖီခြံပျိုးဥယျာဉ်တွင် ကော်ဖီနှင့် အခြားအရိပ်ရပျိုးပင်ပေါင်း ၃၀၀၀၀ ကျော်ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

အဆိုပါ ပျိုးဥယျာဉ်တွင် ကော်ဖီပင် ၂၅၀၀၀၊ မျောက်ငိုပင် ၂၅၀၀၊ မက္ကာတေးမီးယားပင် ၃၀၀၀ နှင့် ထောပတ်ပင် ၂၀၀၀ စုစုပေါင်း ပျိုးပင် ၃၂၅၀၀ ကို ပျိုးထောင်ထားရှိပြီး တောင်ပေါ်ဒေသ ကော်ဖီစိုက်တောင်သူများ မိုးအမီစိုက်ပျိုးနိုင်ရေးအတွက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်တွင် မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ပျိုးပင်များနှင့်အတူ ကော်ဖီမျိုးစေ့ ကီလို ၁၀၀ ကိုပါ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကော်ဖီခြံတာဝန်ခံဦးဇော်သိန်းက ပြောသည်။

ငဖဲမြို့နယ် တောင်ပေါ်ဒေသ(နတ်ရေကန်)တွင် ၂၀၀၂ ခုနှစ်မှစတင်၍ အာရေဗီးကားကုန်းမြင့်ကော်ဖီမျိုးကို စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲက စိုက်ဧက ၄၀ နှင့် ပုဂ္ဂလိကတောင်သူများက စိုက်ဧက ၁၀၂၆ ဧက စုစုပေါင်း ၁၀၆၆ ဧကကို စိုက်ပျိုးထားကြောင်း၊ ယခုနှစ်မှစ၍ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ကော်ဖီစပြကွက် နှစ်ဧက(H-528 တစ်ဧကနှင့် SL-34 တစ်ဧက)ကို စမ်းသပ်စိုက်ပျိုးထားရာ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့်မျိုးဖြစ်ပါက အဆိုပါမျိုးများကို တောင်သူများသို့ မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကော်ဖီခြံတွင် မျိုးကွဲများဖယ်ထုတ်၍ မျိုးသီးသန့်စိုက်ခင်း ဖြစ်ပေါ်လာစေရန် မျိုးတူကော်ဖီပျိုးပင် ရှစ်ဧကကို ပြန်လည်ပြုပြင်ဖာထေး၍ တောင်သူများ အားထားရသည့် မျိုးသန့်ခြံတစ်ခြံ ဖြစ်ပေါ်လာရေးခြံတာဝန်ခံနှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

အောင်ပန်း အာလူး စျေးကောင်းရရှိ

မြို့သစ် မေ ၂၈

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စည်ပင်သာယာစျေးအတွင်း ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းဒေသမှထွက်ရှိသည့် အာလူးများ ပုံမှန်စျေးကောင်းရရှိနေကြောင်း သိရသည်။

အဆိုပါ အောင်ပန်းဒေသထွက် အာလူးများသည် လက်ရှိတွင် မြို့သစ်မြို့ စည်ပင်သာယာစျေးအတွင်းသို့ သုံးရက်တစ်ကြိမ် ခြောက်ဘီးကားနှစ်စီးနှုန်းဖြင့် ဝင်ရောက်နေပြီး စျေးနှုန်းမှာလည်း ယခင်ရက်များထက် စျေးကောင်းရရှိနေကြောင်း၊ လက်ရှိတွင် အာလူးတစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဝန်းကျင်ရရှိနေကြောင်း သိရသည်။

သန်းဝင်းထွန်း(ပြန်/ဆက်)

ကသာမြို့နယ်စိုက်ပျိုးရေးဌာနက တောင်သူများအား သစ်စိမ်းမြေဩမျိုးစေ့များပေးအပ်

ကသာ၊ မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း မိုးစပါးစမ်းသပ်စံပြစိုက်ခင်းများတွင် စပါးမစိုက်ပျိုးမီ သစ်စိမ်းမြေသြဇာပြုလုပ်ရန်အတွက် ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာမျိုးစေ့များကို တောင်သူများထံသို့ မေ ၂၇ ရက်က ပေးအပ်သည်။

ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကိုလေးက မင်းလည်နည်းပညာအဆင့်မြင့်စံပြကျေးရွာနှင့် ပင်းမလွတ်ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကျေးရွာမှ တောင်သူများအား ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာမျိုးစေ့ ၂၅ ဧကအတွက် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ရာသီတွင် သီးနှံမျိုးစုံ စုစုပေါင်း ဧက ၁၂၃၁၀ စိုက်ပျိုးရန် လျာထားပြီး မိုးစပါးကို ဧက ၃၈၅၀၀ စိုက်ပျိုးသွားရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

လူအောင်(ကသာ)

သိန်ခြိမ့်နယ်၌ လိုက်ချီးသီးများ စတင်ခူးဆွတ်ချိန်တွင် စျေးကောင်းရရှိနေ

သိန်ခြိ၊ မေ ၂၈

ရှမ်းပြည်နယ်မြောက်ပိုင်း သိန်ခြိမ့်နယ်တွင် လိုက်ချီးပင်များကို လူနေခြံဝင်းများတွင် လည်းကောင်း၊ ဥယျာဉ်ခြံများတွင် လည်းကောင်း စိုက်ပျိုးထားရှိရာ ယခုလိုက်ချီးသီးများ စတင် ခူးဆွတ်ချိန်တွင် လိုက်ချီးသီး တစ်ပိဿာတွဲ တစ်တွဲလျှင် ကျပ် ၅၀၀၀ နှုန်းအထိ ရောင်းချရပြီး စျေးကောင်းရလျက်ရှိသည်။

လိုက်ချီးပင်များကို လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ခန့်က တရုတ်နိုင်ငံတွင် စတင်စိုက်ပျိုးခဲ့ကြောင်းသိရပြီး ယခုအခါ မြန်မာနိုင်ငံအနှံ့တွင် စိုက်ပျိုးလျက်ရှိသည်။ သိန်ခြိမ့်နယ်သည် ရာသီဥတု သဘာဝကောင်းမွန်သဖြင့် လိုက်ချီးပင်များကို စိုက်ပျိုးခဲ့ရာမှ ယနေ့တွင် စီးပွားဖြစ်စိုက်ပျိုးခြင်း၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းများဖြင့် စိုက်ပျိုးသူများ အပိုဝင်ငွေရရှိလျက်ရှိသည်။ သိန်ခြိမ့်နယ်တွင် လိုက်ချီးပင်များကို ကိုင်းကူး၍ စိုက်ပျိုးပါက သုံးနှစ်မှ လေးနှစ်အတွင်း စတင်အသီးသီးပြီး အစေ့ကိုပျိုး၍ စိုက်ပျိုးပါက ခုနစ်နှစ်မှ ရှစ်နှစ်တွင် စတင်အသီးသီးကြောင်း သိရသည်။

လိုက်ချီးသီးတွင် ဗီတာမင်-B၊ ဗီတာမင် - B6 ၊ ဖောလစ်၊ ပိုတက်စီယမ်၊ ပရိုတင်းဓာတ်၊ သတ္တုဓာတ်များနှင့် အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ လိုက်ချီးသီးကို စားသုံးခြင်းဖြင့် အစာခြေစနစ်ကို ကောင်းမွန်စေခြင်း၊ အစာမကြေ/ဝမ်းချုပ်ခြင်းအပါအဝင် အစာအိမ်နှင့်ပတ်သက်သော ရောဂါများကို သက်သာစေခြင်း၊ မကြာခဏ နာမကျန်းဖြစ်ခြင်းမှ ကင်းဝေးစေခြင်း၊ မှတ်ဉာဏ်စွမ်းအားကို တိုးမြှင့်စေခြင်း စသည့်ကောင်းကျိုးများစွာ ရရှိနိုင်ကြောင်း သိရသည်။

သိန်ခြိမ့်နယ်တွင် ဘိန်းအစားထိုးသီးနှံအဖြစ် လိုက်ချီးပင်များကို လူနေခြံဝင်းများနှင့် ဥယျာဉ်ခြံများတွင် စိုက်ပျိုးခဲ့ရာ လိုက်ချီးသီးပေါ်သည့်ရာသီတွင် နှစ်စဉ် အပိုဝင်ငွေရရှိ၍ စီးပွားဖြစ် စိုက်ပျိုးလာကြသည်ကိုလည်း တွေ့ရသည်။ လက်ရှိ

အချိန်တွင် သိန်ခြိမ့်နယ်ဒေသထွက် လိုက်ချီးသီးများကို လားရှိုးမြို့၊ မူဆယ်မြို့၊ ကွတ်ခိုင်မြို့နှင့် လောက်ကိုင်မြို့များသို့ လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း လိုက်ချီးစိုက်ပျိုးသူများထံမှ သိရသည်။

စောဥမ္မာ(သိန်ခြိ)

နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံ ဆောင်ရွက်နေမှု မြင်ကွင်း

ကျိုင်းတုံမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ မေ ၂၆ ရက်က ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းအပ်နှံနေမှု မြင်ကွင်း။ ကျော်စိန်သန်း(ပြန်/ဆက်)

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ နိုင်ငံတစ်ဝန်း မြို့နယ်များရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ် စတင်လက်ခံလျက် ရှိသည်။

မြောက်ဦးမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများအားလုံးပညာသင်ခွင့်ရရှိဖို့ ကျောင်းအပ်နှံကြစို့ ဆောင်ပုဒ်နှင့်အညီ မေ ၂၇ ရက်က လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများ ဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ မြင့်စိုး(ပြန်/ဆက်)

မန္တလေးမြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ်စတင်နေပြီဖြစ်ရာ မေ ၂၆ ရက်က အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများကိုတွေ့ရစဉ်။ မောင်အေးချမ်း

မိုင်းရယ်မြို့နယ်၌ မေ ၂၆ ရက်က လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)

မောက်မယ်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ မေ ၂၆ ရက်က ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်စတင်လက်ခံနေမှုကိုတွေ့ရစဉ်။ စိုင်းမျိုးသန့်(မောက်မယ်)

စလင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား၌ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်သန်းက ကျောင်းသူတစ်ဦးအား ကျောင်းသုံးစာအုပ်များ ပေးအပ်စဉ်။ မောင်လွင်(စလင်း)

ကျောင်းနေ အရွယ်ကလေးများ အားလုံးပညာသင်ခွင့် ရရှိရေးအတွက် မြဝတီမြို့နယ်ရှိ အခြေခံပညာ ကျောင်းများ၌ မေ ၂၆ ရက်က စု၍ ကျောင်းအပ် စတင်လက်ခံ ဆောင်ရွက်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

မိုင်းယုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၆ ရက်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပစဉ်။ အားချာ

အသက် ၂၂နှစ် မတိုင်မီမှာ ကမ္ဘာ့လက်ဝှေ့ချန်ပီယံဖြစ်အောင် ကြိုးစားနေတဲ့ ဗြိတိန်လက်ဝှေ့ကျော် အဒမ်

ဗြိတိန် လက်ဝှေ့ ကျော် အဒမ်အဇင်

ဇွန် ၂၅ ရက် အင်္ဂလန်နိုင်ငံ ကိုဗင်ထရီမြို့ စကိုင်းဒုန်းမှာ ကျင်းပမယ့် လက်ဝှေ့ပြိုင်ပွဲမှာ ဗြိတိန်လက်ဝှေ့ကျော် အဒမ် အဇင်ဟာ ကားရစ်အာတင်စတော၊ ကိုရီဂစ်ဘ်နဲ့ ဒိုင်လန်ချီမာ တို့နဲ့အတူ ပါဝင်ထိုးသတ်မှာဖြစ်ပါတယ်။ ဒီပွဲမှာ အိုင်ဘီအို စူပါ-ဝယ်တာဝိတ်ချန်ပီယံကို စိန်ခေါ်ထိုးသတ်မယ့် ဆမ်အက်ဂင်တန်လည်း ပါဝင်လာမှာ ဖြစ်ပါတယ်။

အသက် ၂၀ အရွယ် ဗြိတိန်လူငယ်လက်ဝှေ့ကျော် အဒမ်ဟာ ကမ္ဘာ့အငယ်ဆုံး လက်ဝှေ့ချန်ပီယံဖြစ်ဖို့ အိပ်မက်မက်နေသူ ဖြစ်ပါတယ်။

လိုက်ဝိတ်တန်းရဲ့ ဗြိတိန်လက်ဝှေ့ကျော်ဟာ သူ့ရဲ့ လူငယ်ဘဝတစ်လျှောက်လုံးမှာ ကမ္ဘာ့ချန်ပီယံခါးပတ်ကြီးကို ရူးရူးမူးမူးစွဲလမ်းနေသူဖြစ်တယ်လို့ (BOXXER) လက်ဝှေ့စီအီးအို ဘန်ရှာလွန်က ပြောပါတယ်။

အဒမ်ဟာ ကိုဗင်ထရီ စကိုင်းဒုန်းကြိုးပိုင်းထဲကို လာမယ့် ဇွန် ၂၅ ရက်မှာ ခြေချတော့မှာ ဖြစ်ပါတယ်။ သူ့ရဲ့ နောက်ပြိုင်ဘက်ဘယ်သူဘယ်ဝါဆိုတာတော့ ကြေညာချက် မထုတ်ပြန်သေးပါဘူး။

လူတိုင်းသွေးပူအောင် ထိုးသတ်ချင်ကြပါတယ်။ သို့သော်လည်း ဘယ်သူမှ အဒမ်အဇင်နဲ့ ယှဉ်ပြိုင်မထိုးသတ်ချင်ဘူးလို့ ရှာလွန်က စကိုင်းအားကစားကို ပြောကြားလိုက်ပါတယ်။ အဒမ်ဟာ အသက် ၂၂ နှစ် မတိုင်မီမှာ ကမ္ဘာ့ချန်ပီယံ ဖြစ်ချင်နေသူ ဖြစ်ပါတယ်။ **လင်းခေတ်ဆန်**

၂၀၂၂ ဥရောပ ဂျူဂျစ်ဆု ချန်ပီယံရှစ်ပြိုင်ပွဲ အစ္စရေးမှာကျင်းပ

၂၀၂၂ ဥရောပ ဂျူဂျစ်ဆုချန်ပီယံရှစ်ပြိုင်ပွဲကို အစ္စရေးမြောက်ပိုင်း ကမ်းရိုးတန်းမြို့ တစ်မြို့ဖြစ်တဲ့ နာဟာရီယာမှာ စတင်ကျင်းပနေပြီဖြစ်ပါတယ်။

လေးရက်ကြာယှဉ်ပြိုင်ပွဲမှာ နိုင်ငံနဲ့ဒေသပေါင်း ၂၂ ခုက အားကစားသမားပေါင်း ၂၃၀ ပါဝင်ယှဉ်ပြိုင်ဖို့ စာရင်းပေးသွင်းထားပါတယ်။ အဲဒီပြိုင်ပွဲကို အင်ဆာရာ အားကစားခန်းမမှာ ကျင်းပမှာဖြစ်ပါတယ်။

ဧပြီလိုင် ၇ ရက်နဲ့ ၁၇ ရက်ကြား ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မှာ ကျင်းပမယ့် ၂၀၂၂ ကမ္ဘာ့အားကစားပြိုင်ပွဲရဲ့ ဂျူဂျစ်ဆုပြိုင်ပွဲမတိုင်မီ ဒီပြိုင်ပွဲဟာ နောက်ဆုံး ယှဉ်ပြိုင်ကစားခြင်းဖြစ်ပါတယ်။ **လင်းခေတ်ဆန်**

ဂန်ဆုပြည်နယ်က ကျောင်းသားများ ဟော်ကီအားကစား စိတ်ပါဝင်စားမှုများလာ

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ်မှာရှိတဲ့ ကျောင်းများမှာ လူငယ်တွေ ဟော်ကီအားကစား စိတ်ဝင်စားမှုများလာပါတယ်။ ဂျင်းယန်ကောလိပ်ရဲ့ မူလတန်းကျောင်း ဟော်ကီကွင်းထဲမှာ အားပေးသံတွေ သောသောညံနေတာကတော့ လူငယ်များကြား ဟော်ကီအားကစား လွှမ်းမိုးလာပြီဆိုတာကို ဖော်ပြလိုက်တာ ဖြစ်ပါတယ်။

ကျောင်းဟော်ကီအသင်းရဲ့ နောက်တန်းခံစစ်ကစားသမား ခြောက်တန်းသား ရှီသေးတဲ့ ဒွန်တွန်ကျို့ဟာ သူ့အသင်းနဲ့ အတူရှိနေပါတယ်။ သူတို့အသင်းဟာ ၂၀၂၁ အမျိုးသား U 21 လူငယ်ဟော်ကီပြိုင်ပွဲမှာ ဆုဖလားရရှိခဲ့တာ ဖြစ်ပါတယ်။

အနာဂတ်မှာ ဟော်ကီချန်ပီယံဆုဖလားတွေကို ပိုမိုရယူနိုင်မယ်လို့ ဟော်ကီကို နှစ်နှစ်ကျော်ကြာအောင် လေ့ကျင့်ခဲ့တဲ့ ဒွန်က ပြောကြားလိုက်ပါတယ်။

၂၀၀၈ ခုနှစ်ကတည်းက တည်ထောင်ခဲ့တဲ့ အသင်းမှာ အခုဆိုရင် အသင်းသား ၄၀ ကျော် ရှိနေပြီလို့ နည်းပြ ဒိုင်ဝေလန်က ပြောကြားလိုက်ပါတယ်။

ဟော်ကီအားကစားကို အတန်းတိုင်းမှာ အကောင်အထည်ဖော်နေကြပါတယ်။ ကျောင်းသားတွေ ဟော်ကီကစားရတာ ပိုပြီးယုံကြည်ချက်ရှိလာတယ်လို့ ၎င်းက ဆက်ပြောလိုက်ပါတယ်။ **လင်းခေတ်ဆန်**

ဆောက်သမ်တန်ဂိုးသမား ဖော်စတာ စပါးအသင်းသို့ ပြောင်းရွှေ့မည်

ဆောက်သမ်တန်အသင်းမှ ဂိုးသမား ဖရေဇာ ဖော်စတာသည် အလွတ်ပြောင်းရွှေ့ကြေးဖြင့် စပါးအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အင်္ဂလန်လက်ရွေးစင်ကစားသမားသည် ဆောက်သမ်တန်အသင်းနှင့်ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ လာမည့်လတွင် ကုန်ဆုံးတော့မည် ဖြစ်သည်။ အသက် ၃၄ နှစ်အရွယ်ရှိ ဖော်စတာသည် စပါးအသင်းနှင့်ဆေးစစ်မှုခံယူပြီးဖြစ်ဖွယ်ရှိကြောင်း၊ မကြာမီ တရားဝင်သတင်းထုတ်ပြန်ဖွယ်ရှိကြောင်း သိရသည်။

နယူးကာဆယ်နှင့် ဆဲလ်တစ်ဂိုးသမားဟောင်း ဖော်စတာသည် ဆောက်သမ်တန်အသင်းသို့ ၂၀၁၄ ခုနှစ်တွင် ရောက်ရှိလာပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၆၂ ပွဲ ပါဝင်ကစားထားကြောင်း သိရသည်။ ထို့အပြင် မိခင်နိုင်ငံ အင်္ဂလန်အသင်းအတွက်လည်း ခြောက်ပွဲပါဝင်ကစားထားသူ ဖြစ်သည်။

အားကစားသတင်းတိုများ

- ဗီလာအသင်းသည် လူးဝစ်ဆွာရက်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စုံစမ်းမှုများပြုလုပ်လျက်ရှိသည်။
- နည်းပြ အန်တိုနီယိုကွန်တီသည် လာမည့်ရာသီတွင် စပါးအသင်း၌ ဆက်ရှိမည်ဖြစ်သည်။
- ဆီဗီလာသည် ကွန်ဒီ၏ပြောင်းရွှေ့ကြေးကို ပေါင် ၅၅ သန်းအောက် လျော့နည်းပါက လက်ခံစဉ်းစားဖွယ်မရှိကြောင်း သိရသည်။

ပြင်သစ်အိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် တိုက်ချ်မန်းက နာမည်ကြီးအဇာရင်ကာကို အနိုင်ရရှိကာ နောက်တစ်ဆင့်တက်လှမ်း

ဆွစ်ဇာလန်တင်းနစ်မယ် ဂျေးလ်တိုက်ချ်မန်း

ပြင်သစ်အိုးပင်း တင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် ဂျေးလ်တိုက်ချ်မန်းသည် ဂရင်းဆလမ်းချန်ပီယံဆုနှစ်ကြိမ် ဆွတ်ခူးရရှိထားသည့် အဇာရင်ကာကို အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ တိုက်ချ်မန်းသည် အဇာရင်ကာကို ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး ၄-၆၊ ၇-၅၊ ၇-၆ (၁၀-၅) ဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုက်ချ်မန်းသည် ကစားသမားဘဝတွင် ဂရင်းဆလမ်းပြိုင်ပွဲ စတုတ္ထအဆင့်သို့ ပထမဆုံး အကြိမ်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ တိုက်ချ်မန်းသည် အဆိုပါအဆင့်တွင် စတီဖန်စ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ထို့အပြင် ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ်ဟောင်း ကဘာသည် ဆာစ်နိုဗစ်ကို ၆-၄၊ ၇-၆ (၇-၅) ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ သို့သော်လည်း ကနေဒါတင်းနစ်မယ် ဖာနန် ဒက်စ်၊ ကိုကိုဂ္ဂ်ဖ်နှင့် စတီဖန်စ်တို့သည် ပြင်သစ်အိုးပင်း အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၏ ၁၆ ဦး အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အေဗရာဟမ်ကို စာချုပ်သစ်ချုပ်ဆိုရေး ရိုးမား ကမ်းလှမ်းဖွယ်ရှိ



အောင်ဇော် - စုစည်းသည်

ရိုးမားအသင်းသည် တိုက်စစ်ကစားသမား အေဗရာဟမ်ကို စာချုပ်သစ်ချုပ်ဆိုရေးနှင့်ပတ်သက်ပြီး ကမ်းလှမ်းသွားရန် အဆင်သင့်ရှိနေကြောင်း သိရသည်။ အေဗရာဟမ်သည် ပြီးခဲ့သည့်နွေရာသီတွင် ချယ်ဆီးအသင်းမှ ရိုးမားအသင်းသို့ ပေါင် ၃၄ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းတွင် ခြေစွမ်းပြသထားနိုင်သူဖြစ်ကာ ပြိုင်ပွဲအရပ်ရပ် ၅၃ ပွဲပါဝင်ကစားထားပြီး ၂၇ ဂိုး သွင်းယူပေးထားသည်။ ထို့အပြင် အေဗရာဟမ်သည် ရိုးမားနှင့်အတူ ယူရိုပါကွန်ဖရင့်လိဂ်ဖလားကို မကြာသေးမီက ဆွတ်ခူးရရှိထားသူ ဖြစ်သည်။ အဆိုပါ အင်္ဂလန်လက်ရွေးစင်ကစားသမားကို အာဆင်နယ်၊ နယူးကာဆယ်နှင့် အက်စ်တွန်ဗီလာ အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည်။ ထို့အပြင် ချယ်ဆီးအသင်းသည် အေဗရာဟမ်ကို ရောင်းစဉ်က ပြန်လည်ဝယ်ယူခွင့်စာချုပ်ကို ထည့်သွင်းချုပ်ဆိုထားကြောင်း သိရသည်။ သို့သော်လည်း ချယ်ဆီးအသင်းသည် အေဗရာဟမ်ကို ပြန်လည်ခေါ်ယူမည်ဆိုပါက စာချုပ်ပါအချက်အလက်အရ ပေါင် ၆၈ သန်း အထိ အသုံးပြုရဖွယ်ရှိသည်။

သစ်ပင်စိုက်ခြင်းအနုပညာ

မြင့်မောင်စိုး

"စိတ်ကူးစိတ်သန်း ဆန်းသစ်မှုဟာ အနုပညာပဲ။ ဆန်းသစ်တဲ့ဉာဏ်နဲ့ အနုပညာစျာန်ပေါင်းစပ်လိုက်ရင် ထူးခြားတဲ့ဟန်ဖြစ်လာတာ ဓမ္မတာပဲ"

ပါဘလိုပီကာဆို (၁၈၈၁-၁၉၇၃) စပိန်နိုင်ငံသား၊ ကမ္ဘာကျော်ပန်းချီဆရာ

အနုပညာနဲ့ပတ်သက်လို့ ကမ္ဘာကျော်ပန်းချီဆရာကြီးပီကာဆိုက အထက်ပါအတိုင်းမှတ်ချက်ပြုပြောဆိုခဲ့တာကို မှတ်သားဖူးပါတယ်။ ကမ္ဘာပေါ်လူသားတို့ ဖန်းတီးထားတဲ့အရာအားလုံးဟာ စိတ်ကူးစိတ်သန်းမှ စခဲ့တာပါ။ စိတ်ကူးစိတ်သန်းကနေ လိုအပ်သလို ပုံဖော်ဖန်တီးခြင်းကတော့ အနုပညာလို့ဆိုရမှာပါ။ ဘာကြောင့်လဲဆိုတော့ လုပ်ကိုင်ဆောင်ရွက်တဲ့ အလုပ်တစ်ခုကို အသေးစိတ်ခြယ်မှုန်းရလို့ပါပဲ။ ပန်းချီဆရာကြီးပီကာဆိုက သူ့ရဲ့ပန်းချီကားတွေကို အပြောင်မြောက်ဆုံးဖြစ်အောင် ခြယ်မှုန်းရေးဆွဲခဲ့ပါတယ်။ ဒါက သူ့အနုပညာ၊ သူ့ဘဝ။

ပြီးခဲ့သည့်နှစ် ဇူလိုင်လက ကျွန်တော် ရန်ကုန်ကနေ နေပြည်တော်ကို တာဝန်နဲ့ပြောင်းရွှေ့ခဲ့ပါတယ်။ ဇူလိုင်လဆိုတော့ မိုးကဖြိုင်ဖြိုင်သဲသဲမဲမဲ ရွာလို့ပေါ့။ မြင်မြင်ရာလမ်းတစ်လျှောက်မှာလည်း သစ်ပင်ပန်းမန်တွေဟာလည်း စိမ်းလို့စိုလို့ပေါ့။ ဒီအထဲ စိန်ပန်းတွေက အလှဆုံး။ စိမ်းလန်းနေတဲ့ ရွက်နုတွေကြားမှာ နီနီစွေးစွေးပွင့်လန်းနေတဲ့ စိန်ပန်းပွင့်တွေက လန်းဆန်းနေတုန်း။ လှပနေတုန်း။

စိတ်ကူးစိတ်သန်း

ဒါနဲ့တစ်ညနေမှာတော့ လမ်းလျှောက်ထွက်လာတုန်း စိန်ပန်းပင်တွေအောက်မှာ အလေ့ကျပေါက်နေတဲ့ စိန်ပန်းပင်ပေါက်လေးတွေကို တွေ့မိတယ်။ ဒီစိန်ပန်းပင်ပေါက်လေးတွေကို ရှုမျှော်ရှုခင်းကောင်းတဲ့နေရာတွေမှာ ပြောင်းစိုက်ပေးလိုက်မယ်ဆိုရင် တစ်ချိန်ချိန်မှာ အေးမြတဲ့စိန်ပန်းပင်အောက်မှာ အနီရောင်ပန်းပွင့်တွေရဲ့ သဘာဝအလှတရားကို ခံစားနိုင်လိမ့်မယ်လို့ထင်ပါတယ်။ ဒါကကျွန်တော် သစ်ပင်စိုက်ဖို့ဖြစ်လာတဲ့ စိတ်ကူးစိတ်သန်း။ သစ်ပင်စိုက်ခြင်းအနုပညာကို ဖန်တီးဖို့ဖြစ်လာတဲ့ လမ်းစ။ ဒီလမ်းစကိုပဲ ထိုတစ်ညနေရဲ့ နောက်တစ်နေ့ မနက်မှာစခဲ့တယ်။

လုပ်ငန်းစတယ်ဆိုရင်ပဲ စဉ်းစားရပြီ။ ဘယ်နေရာမှာ စိုက်မှာလဲ။ ဒီသစ်ပင် အမှန်တကယ်ကြီးထွားလာရင်ကော ရှုမျှော်ရှုခင်းကောင်းတဲ့နေရာ ဟုတ်ရဲ့လား၊ အခြားအပင်တွေနဲ့ရောလွတ်ပဲ့မလား၊ အပေါ်ကဓာတ်ကြိုးတွေ၊ ဖုန်းကြိုးတွေနဲ့ရောလွတ်ရဲ့လား၊ စိုက်မယ့်နေရာက မြေဆီမြေနှစ်ကောရှိရဲ့လားစတဲ့လားပေါင်းများစွာနဲ့ စဉ်းစားပြီ။ ဒီလိုစဉ်းစားတာကိုက အနုပညာဆန်နေတာ။ သစ်ပင်တစ်ပင်ကို ပြီးပြီးရော စိုက်တာမဟုတ်ဘဲ အခြေခံကျကျစဉ်းစားပြီးမှစိုက်တာ။ ပန်းချီဆရာ သူဆွဲတဲ့ပန်းချီကားထဲမှာ အိမ်ကိုဘယ်လိုဆွဲမလဲ၊ သူနဲ့လိုက်ဖက်တဲ့သစ်ပင်ကြီးက ဘယ်နားမှာထည့်မလဲ။ ၄က်ကလေးတွေ၊ လူလေးတွေ၊ လမ်းတွေဘယ်လိုဆွဲမလဲ စဉ်းစားသလိုပါပဲ။ ဒီကနေ့မြင်တွေ့နေရတဲ့ မြို့ဝင်မြို့ထွက်လမ်းတွေမှာ ကုက္ကိုပင်တန်းတွေ၊ ထန်းပင်တန်းတွေ၊ တမာပင်တန်းတွေ၊ ထနောင်းပင်တန်းတွေ၊ မန်ကျည်းပင်တန်းတွေဟာလည်း ရှေးလူကြီးတွေက ရည်ရွယ်ချက်ရှိရှိ စိုက်ပျိုးသွားခဲ့ကြတာပါ။ ဒါကြောင့်လည်း ရွာအဝင်လမ်းနှင့် တမာတန်း၊ ထန်းတောညိုနှင့် ရွာအလှတွေဟာ မြန်မာ့ရှုခင်းတွေထဲမှာ အမြင်ဆန်းနေတာ။

ဒီသစ်ပင်တွေ တကယ်ရှင်၊ မရှင် စောင့်ကြည့်ရသေးတယ်။ ပထမတစ်ပတ် စောင့်ကြည့်တယ်။ အရွက်တွေ ညှိုးကျသွားတယ်။ ပြီးတော့မှပြန်လန်းလာတယ်။ ဒီဇင်ဘာ၊ ဇန်နဝါရီ အထိ အပင် ၂၀ စလုံးရှင်သန်နေဆဲပါ။ ဖေဖော်ဝါရီ၊ ဧပြီ၊ မေမှာတော့ သူတို့လေးတွေ ဆက်လက်ရှင်သန် ဖို့ ရုန်းကန်နေကြရပြီ။ အပေါ်နေပူရှိန်ကပြင်း၊ အောက်ရေက ဆုတ်ပြီမို့ ရွက်ဝါတွေ မြေခကြွေကျသွား။ ဆက်လက် အသက်ရှင်နိုင်ဖို့ ရေကိုမကြာခဏ လောင်းပေးခဲ့ပါတယ်။ သို့ပေမယ့် ခြပုံးတွေပိုင်းအုံ့ကိုက်လို့ သေတဲ့အပင်တွေကသေ၊ တောမီးရှို့လို့ပါသွားတဲ့ အပင်တွေကပါသွား၊ နွားအုပ်တွေက ဝင်စားလို့စားနဲ့ နောက်ဆုံးတော့ ခုနစ်ပင်သာကျန်တယ်။ ကျန်တဲ့အပင်လေးတွေကတော့ အခုမှန်တိုင်း အဖြားခတ်မိုးနဲ့လန်းနေပြီ။ မှန်တိုင်းနဲ့အတူ အသက်ဆက်ခွင့်ရသွားပြီ။

သီအိုရီတစ်ခု

ဒီမှာတင်ပဲ ကျွန်တော်သတိပြုမိလိုက်တာက သီအိုရီတစ်ခု။ အဲဒီသီအိုရီက သစ်ပင်တွေကို စိုက်ပြီးရင် ပြုစုစောင့်ရှောက်မှုတွေ လုပ်ပေးရမယ်ဆိုတာပါ။ စိုက်ပြီးတဲ့အပင်တွေကို ရေလောင်းပေါင်းသင်ဆိုတဲ့ ပြုစုစောင့်ရှောက်မှုမရှိဘဲ တစ်ရာရာခိုင်နှုန်းရှင်သန်ဖို့မဖြစ်နိုင်ပါဘူး။ မိုးကောင်းရေသောက်ဒေသတွေဖြစ်တဲ့ မြန်မာနိုင်ငံ အောက်ပိုင်းဒေသမှာ စိုက်ပျိုးတဲ့ အပင်တိုင်း ရှင်သန်ကောင်းရှင်သန်နိုင်ပေမယ့် မိုးနည်းတဲ့အထက်အညာဒေသတွေမှာတော့ မဖြစ်နိုင်ပါဘူး။ အမြဲမပြတ် ရေလောင်းပေါင်းသင်ပေးပါမှ အသက်ရှင်လန်းဆန်းနိုင်မှာပါ။ ပြီးတော့ ပြုစုစောင့်ရှောက်ရုံနဲ့လည်း မပြီးသေးပါ။ ဆက်လက်ပြီး ထိန်းသိမ်းရဦးမှာပါ။ ရှင်သန်ဖြစ်ထွန်းလာတဲ့ သစ်ပင်လေးတွေ ထင်းခုတ်သမားလက်ချက်မမိဖို့ ထိန်းသိမ်းပေးဖို့ ဆိုတာလည်း လိုပါသေးတယ်။ နှစ်စဉ်နှစ်တိုင်း နွေပေါက်ပြီဆိုရင် ထင်းခုတ်တဲ့ခရေကြီးကြောင့် ခြေသလုံး၊ ပေါင်လုံးအရွယ်သစ်ပင်ပေါက်တွေဟာ ထင်းခုတ်ခံနေကြရပါတယ်။

စိုက်တဲ့အပင်တိုင်းဖြစ်ထွန်း
အောင်မြင်သလား

မိုးရာသီကာလရောက်တိုင်း သစ်ပင်တွေကိုစိုက်နေကြတာပါ။ ဒါပေမယ့် စိုက်တဲ့အပင်တိုင်းဖြစ်ထွန်းအောင်မြင်သလားဆိုတာကတော့ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ ကျွန်တော်ကိုယ်တိုင် ရှစ်တန်းကျောင်းသားဘဝ နွေရာသီကျောင်းပိတ်ရက်မှာ သစ်စေ့ကျင်းတူး လိုက်ခဲ့ဖူးတယ်။ အဲဒီတုန်းက နှစ်ပေပတ်လည်၊ အနက်တစ်ပေရှိတဲ့ သစ်စေ့ကျင်းတစ်ကျင်းတူးပါမှ တူးခ တစ်ကျပ်ခွဲနဲ့ ဆန်နို့ဆီတစ်ဘူး သစ်တောဌာနက ထုတ်ပေးပါတယ်။ တစ်နေကုန်တူးပါမှ ၁၀ကျင်း၊ ၁၅ကျင်းလောက်ပဲတူးနိုင်တယ်။ အမျှားကြီးမတူးနိုင်ပါဘူး။ အထက်အညာဒေသကမြေတွေဟာ အလွန်မာတယ်။ ကျုတ်တီးကုန်းမြေတွေပါ။ သစ်ပင်ပေါက်ရောက်ရှင်သန်ဖို့ အတော်ခက်ပါတယ်။ ဒီလိုနဲ့နွေရာသီမှာ ကျင်းတွေတူးထား။ မိုးရွာတော့စိုက်ကြတာပေါ့။ မိုးလေးတစ်ဖြိုက် နှစ်ဖြိုက်ရွာပြီဆိုရင် သစ်တောက သစ်ပင်စိုက်ခေါ်လို့ သွားစိုက်ကြပြန်တယ်။ ဒါပေမယ့်နှစ်တွေကြာလို့ စိုက်ခဲ့တဲ့နေရာတွေမှာ သွားပြန်ကြည့်တော့ သစ်ပင်သစ်တောဆိုတာ မတွေ့ရပါဘူး။ လွင်တီးခေါင်က လွန်တီးခေါင်မျှသာ တွေ့ရပါတယ်။ သစ်ပင်တွေကို နှစ်စဉ်စိုက်ပြီး ပြုစုစောင့်ရှောက်မှုတွေ မလုပ်ကြလို့လား၊ ရေလောင်းပေါင်းသင်ခြင်း အလုပ်တွေအားနည်းနေလို့လား၊ ဒါမှမဟုတ် သစ်ခုတ်ထင်းခွေသူတွေကို မနိုင်လို့လားမသိ၊ စိုက်ထားတဲ့အပင်တွေဟာ ဟုတ်တိပတ်တိဖြစ်ထွန်းတယ် သိပ်မရှိပါ။ သစ်ပင်မရှိတဲ့ လွင်တီးခေါင်နယ်မြေတွေ တဖြည်းဖြည်းကျယ်ဝန်းမလာဖို့ အထူးသတိပြုကြရမှာပါ။

ယခုအခါမှာတော့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ခရိုင်နှင့်မြို့နယ်များအလိုက် မိုးရာသီမှာ သစ်ပင်များစိုက်နိုင်ဖို့ သစ်ပင်ပျိုးပင်များ ပျိုးထောင်ထားတာတွေ ကြားသိရပါတယ်။ အနည်းဆုံး မြို့နယ် တစ်မြို့နယ်ကို သစ်ပင်ပျိုးပင် ၃၀၀၀၀ အထက် ပျိုးထောင်ထားတာတွေကြားသိရပါတယ်။ အချို့မြို့နယ်တွေမှာ မိုးကြိုရေလောင်း သစ်ပင်စိုက်ပွဲတွေတောင် ကျင်းပနေတာတွေ့ရပါတယ်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွေမှာ မိုးကြိုစိုက်ဖို့မလိုပေမယ့် အထက်အညာဒေသတွေကတော့ မိုးကြိုရေလောင်းစိုက်တာ ကောင်းပါတယ်။ အညာဒေသဆိုတာ မုတ်သုံမိုးအဝင်က နောက်ကျ ရွာသွန်းမှုကလည်းနည်းတော့ မကြာခဏရေလောင်းပေးပါမှ စိုက်ပျိုးထားတဲ့ အပင်တွေ အမှန်တကယ်ရှင်သန်နိုင်မှာပါ။

သစ်ပင်တွေကို ဘယ်လိုစိုက်ကြမလဲ

မကြာမီမုတ်သုံမိုးက လာတော့မယ်။ ဇွန်၊ ဇူလိုင်လများအတွင်း နိုင်ငံနှင့်အဝန်း သစ်ပင်စိုက်ပျိုးပွဲတော်တွေ ကျင်းပဖို့ပြင်ဆင်နေကြပြီ။ အချို့ပျိုးပင်တွေ စုဆောင်းထားကြပြီ။ အဲဒီတော့ ကျွန်တော်တို့သစ်ပင်တွေကို ဘယ်လိုစိုက်ကြမလဲ။ ဆည်တာတမံတွေရှိတဲ့ ရေဝေရေလဲဒေသတွေမှာ စိုက်မှာလား၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်အောင် စိုက်မှာလား၊ မုန်တိုင်းဒဏ်ခံနိုင်တဲ့ ဒီရေရောက်တောတွေ စိုက်မှာလား၊ လမ်းဘေးဝဲယာ အရိပ်ရပင်တွေ စိုက်မှာလား၊ မိမိတို့အိမ်၊ ကျောင်းဝန်းကျင်တွေမှာ သီးပင်စားပင်၊ ပန်းအလှပင်စိုက်လိုပါသလား စိုက်ပျိုးသော အပင်များရှင်သန်ဖြစ်ရေးဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ စိုက်ပျိုးထားသော အပင်တွေ ရေရှည်ဖြစ်ထွန်းဖို့ဆိုတာဟာလည်း အထက်ကဆိုခဲ့သလို ပြုစုစောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်တွေကို ထပ်ပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပါပဲ ခင်ဗျာ။ ဒီလိုဆောင်ရွက်ခြင်းကိုက သဘာဝပန်းချီကားတစ်ချပ်ကို ရေးဆွဲနေသလိုပါပဲ။ ကျွန်တော်တို့ အခုစိုက်တဲ့သစ်ပင်တွေ၊ စိုက်ခင်းတွေ၊ ပန်းမန်တွေ၊ လှပတဲ့သစ်ပင်တောတန်းတွေက နောင်ကိုးနှစ်-ဆယ်နှစ်ကြာတဲ့အခါ သဘာဝပန်းချီကားတစ်ချပ် ဖြစ်လာမှာပါ။ ။

ပန်းချီဆရာ သူဆွဲတဲ့ပန်းချီကားထဲမှာ အိမ်ကိုဘယ်လိုဆွဲမလဲ၊ သူနဲ့လိုက်ဖက်တဲ့ သစ်ပင်ကြီးက ဘယ်နားမှာထည့်မလဲ။ ၄က်ကလေးတွေ၊ လူလေးတွေ၊ လမ်းတွေဘယ်လိုဆွဲမလဲ စဉ်းစားသလိုပါပဲ။ ဒီကနေ့မြင်တွေ့နေရတဲ့ မြို့ဝင်မြို့ထွက်လမ်းတွေမှာ ကုက္ကိုပင်တန်းတွေ၊ ထန်းပင်တန်းတွေ၊ တမာပင်တန်းတွေ၊ ထနောင်းပင်တန်းတွေ၊ မန်ကျည်းပင်တန်းတွေဟာလည်း ရှေးလူကြီးတွေက ရည်ရွယ်ချက်ရှိရှိ စိုက်ပျိုးသွားခဲ့ကြတာပါ။ ဒါကြောင့်လည်း ရွာအဝင်လမ်းနှင့် တမာတန်း၊ ထန်းတောညိုနှင့် ရွာအလှတွေဟာ မြန်မာ့ရှုခင်းတွေထဲမှာ အမြင်ဆန်းနေတာ

သံလွင်မြစ်အတွင်း ငါးခုံးမကြီးသားပေါက်ကောင်ရေ နှစ်သိန်း ငါးမျိုးစိုက်ထည့်

ဘားအံ မေ ၂၈

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် မေ ၂၇ ရက် နံနက် ၈ နာရီက ဘားအံမြို့နယ် ဘားကပ်ကျေးရွာ ဘားကပ်မြစ်ရေတင်စီမံကိန်းတွင် သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဌပဒေချုပ်၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစုံမိုင်း၊ ပြည်နယ်ငါးမျိုးစိုက် ကြီးကြပ်မှူကော်မတီဝင်များ၊ ပြည်နယ်/ခရိုင်/ စခန်းငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံ ရပ်မိ/ရပ်ဖများ တက်ရောက်ခဲ့ကြပြီး ဘားအံငါးလုပ်ငန်းစခန်းမှ နှစ်လက်မ အောက်ခံအရွယ် ငါးခုံးမကြီးသားပေါက်ကောင်ရေ နှစ်သိန်းအား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် မေ ၂၇ ရက် ညနေပိုင်းတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်ရှိ စံပြဘက်စုံစိုက်ပျိုး၊ မွေးမြူရေးခြံ၌ အသားတိုးကြက်မွေးမြူရေး၊ ဥစားကြက်မွေးမြူရေး၊ နို့စားနွားမွေးမြူရေး၊ DYL ဝက်မွေးမြူရေးနှင့် နေရောင်ပြအင်းငါးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် မေ ၂၈

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့ဓနယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၄၉၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၈၂၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၉၂၁၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁ ရက်မှ ၂၈ ရက်အတွင်း ကုမ္ပဏီ ၁၇ ခု၊ ယာဉ်စီးရေ ၃၂ စီးဖြင့် PPE ဝတ်စုံ ၁၂၃၀၀၀ နှင့် နှာခေါင်းစည်း(Mask) ၂၁၇ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

မအူပင်မြို့နယ် ပံသပွတ်ချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

မအူပင် မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို မအူပင်မြို့နယ် ပံသပွတ် ကျေးရွာအုပ်စုရှိ ပံသပွတ်တံတားအနီး ပံသပွတ်ချောင်းအတွင်းသို့ မေ ၂၈ ရက်က ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားတွင် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲမှူး၊ မြို့နယ်ရဲမှူးနှင့် အဖွဲ့ဝင်များ၊ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ်ငါးမျိုးစိုက်ကြီးကြပ်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် မအူပင်မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပံသပွတ်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရေလုပ်သားအဖွဲ့ဝင်များက ပံသပွတ်ချောင်းအတွင်းသို့ တလုပ်လှ ငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ် ငါးလုပ်ငန်းစခန်းတို့မှ ငါးခုံးမကြီးကောင်ရေ နှစ်သိန်း၊ ရွှေဝါ ငါးကြင်းကောင်ရေ နှစ်သိန်း၊ ငါးမြစ်ချင်းကောင်ရေ သုံးသိန်းတို့ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✪ *ကျောဖုံးမှ*

၂၀၂၂ ခုနှစ်တွင် ဒီရေတောစိုက်ခင်းဧက ၂၈၀၀ ၊ ဒီရေတောထင်းစိုက်ခင်း ၈၁၆ ဧက ၊ ပေါင်း ၃၆၁၆ ဧက ၊ အပင် ၁၁၃၁၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး ဒီရေတောစိုက်ခင်း ဧက ၂၈၀၀ မှ ယနေ့အထိ စိုက်ပျိုးပြီး ၅၈၇ ဧက၊ စိုက်ပျိုးရန်ကျန် ၂၂၁၃ ဧက၊ ဒီရေတောထင်းစိုက်ခင်း ၈၁၆ ဧကမှ ယနေ့အထိ စိုက်ပျိုးပြီး ဧက ၁၉၀ နှင့် စိုက်ပျိုးရန်ကျန် ၆၂၆ ဧက ဖြစ်ကာ စိုက်ပျိုးရန်ကျန်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ဖောက်ခွဲပစ်ပေါက်တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များပြုလုပ်ခဲ့ရာ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၄)ရပ်ကွက် မြဝတီလမ်းရှိ မြို့နယ်ပညာရေးမှူးရုံးဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြို့နယ်ပညာရေးမှူးရုံးဝင်ပေါက်အနီးရှိ ကားဂိုဒေါင်နှင့် ခြံစည်းရိုးအုတ်တံတိုင်းအကြားခံ့ အချိုရည်ဘူးခွံဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲထားသည်ကို တွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် ခြံစည်းရိုးအုတ်တံတိုင်း အနည်းငယ်ကွဲအက်ကာ ကားဂိုဒေါင် အမိုးသွပ်တစ်ချပ် ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၈

